# ရေကာတာများ မြစ်ချောင်းများနှင့် အခွင့်အရေး

## ရေကာတာ၏ဆိုးကျိုးခံနေရသောပြည်သူများအတွက် လှုပ်ရှားမှုလက်စွဲစာအုပ်

IRN
International Rivers Network
Linking Human Rights and Environmental Protection

# ခက်ခဲသည့်ဝေါဟာရများ

**Compensation:** လျော်ကြေးပေးခြင်း (လူတွေဆုံးရှုံးမှုအတွက်ငွေသို့မဟုတ်ပစ္စည်းဖြင့်အစားပြန်ပေးသည်)။

**Decommission:** ရေကာတာကို ဖျက်ဆီးခြင်း သို့မဟုတ် ရေကာတာအသုံးပြုနေမှုကို ရပ်တန့်ခြင်း၊ ၎င်းသည်ရေကာတာတည်ဆောက်ခြင်း ရေကာတာဂိတ်နှင့်ရေကာတာကို ဖယ်ရှားပစ်ခြင်း စသည်တို့အကျုံးဝင်သည်။

**Displacement:** အိုးအိမ်မဲ့ခြင်း (လူတွေ၏အိုးအိမ် မြေယာမှဖယ်ရှားခံရခြင်း)

**Downstream:** မြစ်အောက်ပိုင်းဒေသ (ရေကာတာအောက်ပိုင်းတွင် တည်ရှိသောဒေသများ)

**Fieldsurveys:** ကွင်းဆင်းလေ့လာမှု (လူတွေနဲ့စကားပြောခြင်း ကိုယ်တွေ့သွားရောက်ကြည့်ရှုခြင်းဖြင့် အချက်အလက်စုဆောင်းခြင်း)

**Mitigation:** ရေကာတာ၏ဆိုးကျိုးသက်ရောက်မှုများနည်းပါးသွားအောင်လုပ်ဆောင်ခြင်း၊ ၎င်းသည်တိရစ္ဆာန်ဘေးမဲ့တောလုပ်ဆောင်ခြင်း၊ ရေကာတာအောက်ပိုင်းရေလွှတ်ခြင်း၊ ရေကာတာကြောင့်ထိခိုက်နစ်နာသူများကို လျော်ကြေးပေးခြင်းနှင့်ဘဝသစ်ထူထောင်ပေးခြင်းစသည်တို့အကျုံးဝင်သည်။

**Non-governmental organization(NGO):** အစိုးရမဟုတ်သောလူမှုအဖွဲ့အစည်းများ။

**Non-violent direct action:** ဆုံးဖြတ်ချက်ချမှတ်သူကို ဖိအားပေးရန်နှင့် လူထုအာရုံ စိုက်လာအောင် အကြမ်းမဖက်ငြိမ်းချမ်းသည့်နည်းဖြင့်လုပ်ဆောင်ခြင်း။

**Public development bank:** အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ် ၊အပြည်ပြည်ဆိုင်ရာအမေရိကန်ဖွံ့ဖြိုးရေးဘဏ်စသည်တို့ သည်ဖွံ့ဖြိုးရေးအတွက်အစိုးရနှင့်ကုမ္ပဏီများကို ငွေချေးငှားပေးသည်။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်ကို အစိုးရကထိန်းချုပ်သည်။

**Re-operation:** မြစ်ရေကို သဘာဝတိုင်း ပိုမိုစီးဆင်းရန်အတွက်ပြန်လည်ဖြစ်စေသည်။

**Reparations:** ရေကာတာကြောင့်ထိခိုက်နစ်နာဆုံးရှုံးသူများအတွက် ငွေနှင့်ပစ္စည်းများပြန်ပေးသည်။

**Reservoir:** ရေကာတာကြောင့် ဖြစ်ပေါ်လာသော ရေလှောင်ကန်။

**Resettlement:** ရေကာတာဘေးမှ ကင်းလွတ်သည့်နေရာသို့ လူတွေကို ပြောင်းရွှေ့ခြင်း။

**Schistosomiasis:** ရေချိုဖြစ်သည့် ချောင်း မြောင်း မြစ် နှင့် ရေကန်များတွင် နေထိုင်သည့် ခရုအမျိုးမျိုး နှင့်ထိစပ်မှုကြောင့်ဖြစ်ပေါ်လာသောရောဂါ။

**Sediment:** အနည်အနစ် ( မြစ်ရေနှင့်ပါလာသောသဲ ကျောက်ခဲ နှင့်အညစ်အကြေး)၊ နုံးမြေ။

**Upstream:** မြစ်အပေါ်ပိုင်းဒေသ။ ၎င်းသည် ရေကာတာကြောင့် ဖြစ်ပေါ်လာသော ရေလှောင်ကန်နှင့်ဆည်အပေါ်ပိုင်းရှိရေိယာများ အကျုံးဝင်သည်။

**World Commission on Dams:** အပြည်ပြည်ဆိုင်ရာ ရေကာတာကော်မရှင်။ ၎င်းသည် လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ ကော်မရှင်ဖြစ်ပြီး အနာဂါတ်ရေကာတာတည်ဆောက်ရေးအတွက် လေ့လာမှုများ အခြားဖြစ်နိုင်သည့် နည်းများကိုရှာဖွေခြင်းနှင့် အကြံပြုချက်များပြုလုပ်သည်။ ၎င်း၏နောက်ဆုံးအစီရင်ခံစာကို သက္ကရာဇ် ၂၀၀၀ ခုနှစ် တွင်ထုတ်ဝေပြီးအစီရင်ခံစာနှင့်ပတ်သက်သော အချက်အလက်များးကို www.dams.org တွင်ရရှိနိုင်သည်။

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


ရေကာတာဆိုသည်ဘာလဲ။

**အခန်း ၁။ ဆည်၏အခြေခံအချက်အလက်များ** ---------- ၁

ရေကာတာဆိုသည်ဘာလဲ ---------- ၂

ရေကာတာ၏လုပ်ငန်းဆောင်တာကဘာလဲ ---------- ၃

မည်သူအကျိုးရှိသနည်း မည်သူအကျိုးယုတ်သနည်း ---------- ၄

ရေကာတာကို မည်သို့ဆောက်လုပ်မည်နည်း ---------- ၅

ရေကာတာဆောက်လုပ်ရန်အတွက် မည်သူက ငွေထုတ်ပေးသနည်း ---------- ၆

**အခန်း ၂။ ရေကာတာ၏အကျိုးသက်ရောက်မှုများ** ---------- ၇

ဇယားကွက်၊ရေကာတာ၏အကျိုးသက်ရောက်မှုများ ---------- ၈

နေရာမဲ့သူများ၏အခြေအနေ ---------- ၁၀

ရေကာတာအောက်ပိုင်းရှိလူသန်းပေါင်းများ၏ထိခိုက်မှုများ ---------- ၁၂

**အခန်း ၃။ အပြည်ပြည်ဆိုင်ရာရေကာတာဆန့်ကျင်လှုပ်ရှားမှုများ** ---------- ၁၄

ရေကာတာလှုပ်ရှားသူများ၏အောင်မြင်မှုများ ---------- ၁၅

အောင်မြင်မှုသို့သော်ရေကာတာသည်လူ့အဖွဲ့အစည်းကိုခြိမ်းခြောက်ဆဲ ---------- ၁၆

**အခန်း ၄။ ရေကာတာမည်သို့ဆန့်ကျင်မည်နည်း** ---------- ၁၇

သင်၏လှုပ်ရှားမှုကို အစီအစဉ်ဆွဲပါ၊ ---------- ၁၈

ရေကာတာဆန့်ကျင်ရေးအတွက်အရေးကြီးသည့်ဗျူဟာများ၊ ---------- ၂၀

ရေကာတာတည်ဆောက်သည့်အဆင့်တိုင်းတွင်သင်ဘာလုပ်နိုင်သနည်း ---------- ၂၄

**အခန်း ၅။ ရေကာတာအပြင် အခြားစီအစဉ်များ** ---------- ၂၉

စွမ်းအင်အတွက်အခြားအစီအစဉ်များ ---------- ၂၉

ရေအတွက်အခြားအစီအစဉ်များ ---------- ၃၂

ရေကြီးမှုကိုစီမံခန့်ခွဲရန် အတွက် အခြားအစီအစဉ်များ ---------- ၃၄

**နိဂုံး** ---------- ၃၆

**ဒေသဆိုင်ရာအဆက်အသွယ်များ** ---------- ၃၇

# နိဒါန်း

ကမ္ဘာအနှံ့အပြားၵ္ဍ အကြီးစားရေကာတာများကို ဆန့်ကျင်သည့်လူဦးရေမှာများပြားလာလျှက်ရှိသည်။ သူတို့သည် သူတို့၏မြစ်နှင့် သူတို့၏သက်မွေးဝမ်းကြောင်းအတွက် ရေကာတာအသစ် ဆောက်လုပ်ရေးကို ဆန့်ကျင်တိုက်ပွဲဝင်လျှက်ရှိသည်။ ရေကာတာဟောင်းကြောင့် ဖြစ်ပေါ်လာသောပြဿနာများအတွက်လျော်ကြေးများတောင်းဆိုလျှက်ရှိသည်။ ရေကာတာအပြင်အခြားပိုမိုကောင်းမွန်သောလျှပ်စစ်စွမ်းအင်၊ ရေပေးဝေမှုနှင့် ရေလွှမ်းမိုးနိုင်သည့် စီမံချက်များကို အဆိုပြုလျှက်ရှိသည်။ သူတို့အားလုံးသည် သူတို့ဘဝကိုထိခိုက်သောဆုံးဖြတ်ချက်များကို ဆန့်ကျင်လျှက်ရှိသည်။

လွန်ခဲ့သည့် အနှစ် ၂၀ ကတည်းက အပြည်ပြည်ဆိုင်ရာရေကာတာဆန့်ကျင်ရေး လုပ်ရှားမှုများသည် အားကောင်းလာပြီး အောင်မြင်မှု များစွာရရှိလာသည်။ အချို့ရေကာတာများသည် ရပ်တန့်ရပြီး ၄င်းအစားရေကာတာ အသေးစားများနှင့် ရေထိန်းသိမ်းမှုများ ပြုလုပ်လာရသည်။ လူအဖွဲ့အစည်းများ လျော်ကြေးပိုမိုရရှိလာသည်။

အချို့ရေကာတာများသည် လုံးဝဖျက်ဆီးခံရသည်။ သို့သော်ရေကာတာအသစ်များသည် လူ့အဖွဲ့အစည်းကို ခြိမ်းခြောက်လျှက်ရှိနေဆဲဖြစ်သည်။

အပြည်ပြည်ဆိုင်ရာမြစ်များကွန်ယက်က ဤလှုပ်ရှားမှုလမ်းညွှန်စာအုပ်ကို ပြုစုပြီးရေကာတာ၏ ခြိမ်းခြောက်မှုခံနေရသောလူ့အဖွဲ့ အစည်းများကို စွမ်းအားဖြည့်ရန်နှင့်ကြီးထွားလာနေသော အပြည်ပြည်ဆိုင်ရာ ရေကာတာဆန့်ကျင်သူတို့၏ အမြင်များကို မျှဝေရန်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမြစ်များ ကွန်ယက်နှင့် ကမ္ဘာတဝှမ်းလုံးရှိ အစိုးရမဟုတ်သော (NGOs)အဖွဲ့အစည်း များကသင်၏လှုပ်ရှားမှုများကို ကူညီရန်အသင့်ရှိနေပါသည်။ သင့်ကိုကူညီနိုင်သော (NGOs)စာရင်းများကို ဤလမ်းညွှန် ၏အဆုံးတွင် ရေးသားထားပါသည်။

အဆိုပြုလာသောရေကာတာအသစ် တည်ဆောက်ရေး၊ ကိုယ်အခွင့်အရေးကာကွယ်ရေးနှင့် ရေကာတာနှင့် ပတ်သက်သည့် ဆုံးဖြတ်များတွင် ကိုယ်ရဲ့အမြင်များမည်သို့ထည့်သွင်းတောင်းဆိုရမည် စသည်တို့ကိုဆုံးဖြတ်ရန် ဤလမ်းညွှန်တွင်ပါရှိသော အချက် အလက်များနှင့်နည်းနာများက အထောက်အကူပေးလိမ့်မည်ဟုမျှော်လင့်ပါသည်။

- ➢ လမ်းညွှန်၏အစပိုင်းတွင် ခက်ခဲသည့်ဝေါဟာရနှင့် ယင်း၏အဓိပါယ်ကို ဖော်ပြထားပြီး၄င်းစာလုံးများကိုစာလုံးအမည်းဖြင့် ထင်းနေအောင် ပြုလုပ်ထားပါသည်။
- ➢ အခန်း ၁ တွင် ရေကာတာအလုပ်လုပ်ပုံ၊ ၄င်းကြောင့်မည်သူအကျိုးရရှိပြီး၊ ၄င်းကို ဆောက်လုပ်ရန်အတွက် မည်သူကငွေထုတ်ပေးသနည်း စသည်ဖြင့်ရေကာတာ နှင့်ပတ်သက်သောအထွေထွေအချက်အလက်များကို ဖေါ်ပြထားပါသည်။
- ➢ အခန်း ၂ တွင်ရေကာတာကြောင့် လူ့အဖွဲ့အစည်းနှင့်သဘာဝအရင်းအမြစ်အပေါ် ဖြစ်ပေါ်လာသောအကျိုးသက်ရောက်မှုများကို ပြောဆိုဆွေးနွေးထားပါသည်။
- ➢ အခန်း ၃ တွင် နိုင်ငံတကာ၌ ထိခိုက်ပျက်ဆီးမှုအကြီးကျယ်ဖြစ်စေသော ရေကာတာများကိုဆန့်ကျင်ရေးလှုပ်ရှားမှုနှင့် အောင်မြင်မှုအကြောင်းကို သရုပ်ဖော်ထားပါသည်။
- ➢ အခန်း ၄ တွင်လူ့အဖွဲ့အစည်းကဆည်ကို မည်သို့ စိန်ခေါ်နိုင်ပြီးလူ့ခွင့်အရေးကိုမည်သို့ကာကွယ်နိုင်သည်ကိုအကြံဉာဏ်ပေးထားပါသည်။
- ➢ အခန် ၅ တွင် လူတွေ၏လိုအပ်ချက်နှင့်ကိုက်ညီပြီး ပိုမိုကောင်းမွန်သည့် လျှပ်စစ်စွမ်းအင်၊ ရေနှင့် ရေလွှမ်းမမိုးသည့်စီမံချက်စသည့်သတင်းအချက် အလက်များကို တင်ပြထားပါသည်။
- ➢ နိဂုံးပိုင်းတွင် သင့်ကို အကူအညီပေးနိုင်ရန် ဆက်သွယ်နိုင်မည့်လိပ်စာ စာရင်းများကိုဖော်ပြထားပါသည်။

သင်တို့ကို အကျိုးယုတ်စေမည့် ရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှုအောင်မြင်ပါစေဟု ဆန္ဒပြု ဆုတောင်းလိုက်ပါသည်။ ကျွန်ုပ်တို့သည် အမှန်တရားနှင့်လူ၏ဂုဏ်သိက္ခာအတွက် တိုက်ပွဲဝင်နေသူများဖြစ်သည်။ ရေသည်သက်ရှင်ရန် အတွက်သာဖြစ်ပြီး လူကိုသတ်ရန် အတွက်မဟုတ်ပါ။

အပြည်ပြည်ဆိုင်ရာမြစ်များကွန်ယက်

# ရေကာတာနှင့်ပတ်သက်သည့်အခြေခံအချက်များ

## ◆ ရေကာတာဆိုတာဘာလဲ

ရေကာတာဆိုသည်မှာ မြစ်ချောင်းကိုဖြတ်၍ တည်ဆောက်ထားသောထရံဖြစ်သည်။ ၄င်းသည်မြေသို့မဟုတ် ကျောက်တုံးသို့မဟုတ် ကွန်ကရစ်များဖြင့်ပြုလုပ်သည်။ ၄င်းသည်မြစ် ရေစီးကြောင်းကို ပိတ်ဆို့ပြီး အင်းအိုင် ကဲ့သို့ ရေကိုလှောင်ထားပါသည်။ ၄င်းသိုလှောင် ထားသောရေကိုလျှပ်စစ်စွမ်းအင် ထုတ်လုပ်ရေးအတွက်လည်းကောင်း၊ သောက်သုံးရေနှင့်ဆည်မြောင်း စိုက်ပျိုးရေးတွင်ပံ့ပိုးရန်အတွက် လည်းကောင်း၊ လှေသင်္ဘော သွားလာရေး ကိုအကူအညီ ပေးရန်အတွက် လည်ကောင်း၊ ရေကြီးခြင်းကိုထိမ်းသိမ်းရန်နှင့်အပန်းဖြေမှုအတွက် အသုံးပြုသည်။

အချို့ရေကာတာများသည် အထက်ပါဖော်ပြပါအချက်ထဲမှ တခုထက်ပို၍ အသုံးပြုရန် အတွက်ဆောက်လုပ်သည်။ ကမ္ဘာပေါ်တွင် ၁၅ ပေအထက်မြင့်ပြီးအလွန်ကြီးမားသည့် ရေကာတာပေါင်း ၄၇၀၀၀ ထက်မကဆောက်လုပ်ထားသည်၊ တရုတ်၊ အမေရိကန်ပြည် ထောင်စုနှင့် အိန္ဒိယ နိုင်ငံတို့တွင် အကြီးဆုံးရေကာတာများရှိသည်။ ကမ္ဘာ့အကြီးဆုံး ရေကာတာသည် မီတာ ၂၅၀ မြင့်ပြီး (အထပ် ဖ၀ အဆောက်အအုံ ထက်ပိုမြင့်) အကျယ်မှာကီလိုမီ တာများစွာ ရှိသည်။ ၄င်းရေကာတာများကို တည်ဆောက်ရာတွင် အချိန် ၁၀ နှစ်ကျော်ကြာမြင့်ပြီး ဒေါ်လာသန်းပေါင်းမြောက်များစွာကုန်ကျသည်။

## ◆ ရေကာတာအလုပ်လုပ်ပုံ




ရေကာတာများသည် ပုံစံအမျိုးမျိုး အရွယ်အမျိုးမျိုး ရှိသော်လည်း အောက်ပါလက္ခဏာများ ရှိတတ်ကြသည်။

- ရေကာတာသည်ရေဖြန့်ဝေမှုနှင့် စိုက်ပျိုးရေးအတွက်ရေကိုသိုလှောင်ထားသည့် ပိုက်လိုင်းကြီးများနှင့်ရေမြောင်း များမှတဆင့် ၄င်းရေကိုလယ်ယာမြေနှင့်မြို့ကြီးများသို့ဖြန့်ဝေသည်။

- ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက်တည်ဆောက်ထားသော ရေကာတာသည် ရေအားဖြင့် တာဘိုင်ဟုခေါ်မော်တာကိုလည် စေပြီးလျှပ်စစ်ဓါတ် အားထုတ်လုပ်သည်။ ၄င်း လျှပ်စစ်ဓါတ်အားကိုမြို့နှင့် စက်ရုံများသို့ လျှပ်စစ်ကြိုးလိုင်း မှတဆင့် လွှတ်ပေးသည်။ တာဘိုင်ကိုဖြတ်ပြီး ရေသည်ရေကာတာအောက်ပိုင်းရှိ မြစ်ထဲသို့ပြန်လည်စီးဆင်းသွားသည်။

- ရေကြီးမှုကို ထိန်းသိမ်းသည့်ရေကာတာသည် မိုးကြီးချိန်တွင်ဆည်အောက်ပိုင်းဒေသ များတွင် ရေလွှမ်းမှုကိုတားဆီးရန်အတွက်ရေများကိုထိန်းသိမ်းထားသည်။ ရေကြောင်းအတွက်အသုံးပြုသောရေကာတာသည် ရေကိုသိုလှောင်ထားပြီး မြစ်ရေတိမ် သည့်အခါ ၁၂ ရာသီလုံး လှေများသွားလာနိုင်ရန်အတွက်ရေများလွှတ်ပေးသည်။ ၄င်းကိုရေ တခါးဖွင့်ပိတ်စနစ်ဖြင့် ဆောက်လုပ်ထားပြီး လှေများဖြတ်သွားလာနိုင်သည်။

## ◆ မည်သူအကျိုးရှိပြီး မည်သူအကျိုးယုတ်သနည်း

ရေကာတာမှ ထုတ်လုပ်သည့် လျှပ်စစ်နှင့်ရေများသည် စက်ရုံများနှင့် မြို့နေလူထုများအကျိုး ခံစားရသည်။ စိုက်ပျိုးရေး ကုမ္ပဏီကြီးများသည် ၎င်းတို့၏စိုက်ပျိုးရေးလုပ်ငန်းအတွက် ရေကိုဈေးပေါပေါနှင့်ရရှိသည့်အတွက်အကျိုးအမြတ် များစွာရရှိသည်။ ရေကာတာသည် ကျေးလက်ဒေသမှ အရင်းအမြစ်ကိုထုတ်ယူပြီး စက်ရုံနှင့်မြို့နေလူထုကိုသာ အကျိုးပြုသည်။ တခါတရံ၌ စက်ရုံနှင့် မြို့နေလူထုသည်အိမ်နီနားချင်းနိုင်ငံများဖြစ်နေသည်။

ဆောက်လုပ်ရေးကုမ္ပဏီများလည်းအမြတ်ရရှိသည်၊သူတို့သည်ရေကာတာဒီဇိုင်းရေးဆွဲ ရေးနှင့်ဆောက်လုပ်ရေးတို့တွင်ဒေါ်လာ သန်းပေါင်းမြောက်များစွာရရှိသည်။ အစိုးရသည် ရေကာတာတည်ဆောက်ရေးနှင့်လည်ပတ်ရေးတို့မှ အကောက်ခွန်ရရှိသည်။ ဆည်တွင်သုံးပြုသော ငွေပမာဏမှာ များလွန်းသည့်အတွက် အစိုးရတွင် လတ်စားခြင်း၊ အချို့ကုမ္ပဏီ အရာရှိများသည် သူတို့ကိုယ်ပိုင်အမြတ်ထဲမှ ငွေကိုယူလိုက်သည်။

အကြီးစားရေကာတာများ၏ဒဏ်ကို အဆိုးဆုံးခံရသူများသည်ကျေးလက်တောရွာရှိ လယ်သမားများနှင့် ဌာနေတိုင်းရင်းသားများဖြစ်သည်။ သန်းပေါင်းများစွာသော လူတို့သည် ရေကာတာရေကြောင့်ဘေးကင်းရန်အတွက် ၎င်းတို့၏အိုးအိမ်များကို စွန့်လွှတ်ကြရသည်။ သန်းပေါင်းများစွာသောရေကာတာအောက်ပိုင်းရှိ လူတွေကလည်း ၎င်းတို့၏သဘာဝအရင်း မြစ်နှင့်ရိုးရာလူနေမှုဘဝများ ဆုံးရှုံးခံရသည်။

အဆိုးဆုံးက ရေကာတာကြောင့် ထိခိုက်နစ်နာသူများသည် ရေကာတာတည်ဆောက်ရေးဆုံး ဖြတ်ချက်တွင်ပါဝင်ခွင့် ရရန်အလွန် ရှားပါးလျှက်ရှိသည်။ သူတို့သည် ရေကာတာနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ လူထုအတွင်းဆွေးနွေးမှုများ၊ လယ်မြေအသစ်နှင့် ၎င်းတို့၏ ဘဝအသစ်အတွက် တောင်းဆိုမှုများ၊ ရေကာတာတည်ဆောက်ရေး ဆန့်ကျင်မှုများသည်သူတို့၏ အခွင့် အရေး ဖြစ်သည်ကိုသူတို့ မသိရှိပေ။ ရေကာတာ၏အနီး အနားတွင်နေသော်လည်း ဆည်ရေနှင့် လျှပ်စစ်ဓါတ်အားကိုပင် အကျိုးခံစားခွင့်မရရှိပေ။



စိုက်ပျိုးရေး လုပ်ငန်းကြီးများသည် ဆည်မြောင်းများမှရေ နှင့် ရေကာတာမှ လျှပ်စစ်ဓါတ်အားကို ရရှိကြသည်။



ရေကာတာ၏ဆိုးကျိုးဒဏ်ကို ခံစားရသော သူများသည် ဘာအကျိုးမျှမရသည့်အပြင် စိုက်ပျိုးမြေတို့သည် မြေသြဇာဆုတ်ယုတ်မှုနှင့် ကြုံရတော့သည်။




အချို့ရေကာတာများသည် ရေကိုထိန်းရမည့်အစား ရေလွှမ်းမိုးမှုကို ပိုမိုကြီးမားစေသည်၊

## ◆ ရေကာတာအလုပ်လုပ်ပုံ

ရေကာတာသည် လျှပ်စစ်စွမ်းအင်နှင့် ဆည်ရေကို ပံ့ပိုးပေးနိုင်သော်လည်း အများအားဖြင့် မျှော်လင့်ထားသည့် အတိုင်း စွမ်းအင်နှင့်လယ်ယာမြေအတွက်လိုအပ်သောရေကိုမထုတ်လုပ်ပေးနိုင်ပေ။ ဆည်ရေပေးဝေမှုသည် ပေးထားသည့် ကတိအတိုင်း နည်း၍ပေးလေ့ရှိသည် ဤသို့ဖြစ်ရခြင်းသည် ဆောက်လုပ် သူတွေ၏ ပိုမိုခန့်မှန်းခြင်း ကြောင့်ဖြစ်သည်။ ရေလွှမ်း မှုကို ထိန်းချုပ်သော ရေကာတာသည် ရေကြီးနှုန်းပမာဏ အသေးစားကိုသာ ထိန်းချုပ်နိုင်သည်။

၄င်းသည် အကြီးစားရေကြီးမှုကိုပိုမိုဆိုးသွားစေသည်။ လူတွေက ဘေးကင်းသည်ထင်ပြီးရေကာတာအောက်ပိုင်းဒေသများတွင် အိမ်တွေပိုမို ဆောက်လုပ်လာကြသည်။ သို့သော်ရေအကြီးအကျယ်ကြီးသည့်အခါ လှောင်ထားသည့်ရေကိုမထိန်းနိုင်ဘဲ လွှတ်ချလိုက်ရသည့်အခါ ဆည်အောက်ပိုင်းရှိလူထုများသည် ပစ္စည်းဥစ္စာဆုံးရှုံးပြီး အချို့ဆိုအသက်ပင်ဆုံးရှုံးသွားသည်။ ရေကာတာသည်ထာဝရမတည်တံ့နိုင်ပါ။ များသောအားဖြင့် နှစ်ကာလတခုအထိသာအသုံးပြုရန်အတွက် ရေကာတာကို တည်ဆောက်ကြသည်။ ရေကာတာ၏ အသက်သည်မြစ် အောက်ကြမ်းပြင်တွင်အမာခံအနည်အနစ်များ မည်မျှကျမှုအပါအဝင် အကြောင်း အချက်များစွာတွင် မူတည်နေပေသည်။ အချိန်ကာလကြာလာသည်နှင့်အမျှ ၄င်းအနည်အနစ် များလာလေ ရေကာတာ ၏စွမ်းဆောင် နိုင်မှုနည်းလာ လေဖြစ်ပြီးလုံးဝအလုပ်မလုပ်နိုင်သည်အထိဖြစ်နိုင်သည်။

## ရေကာတာကောင်းစွာ အလုပ်မလုပ်သည့်အခါ အစိုးရနှင့် ပြည်သူလူထုများ ထိခိုက်ကြရသည်။

အာဂျင်တီးနားရှိ ရတ်ချရီတာ ရေကာတာကို ယခင် သမတ ဖြစ်သူ ကာလို့စ် မာနမ်က " ချ စားမှု၏မှတ်တိုင်ကြီး " ဟု သမုတ်ခဲ့သည်။ ရေကာထာ၏ကုန်ကျစရိတ်သည် ဒေါ်လာသန်းထောင်ပေါင်း ၂.၇ မှ ၁၁.၅ အထိတိုးမြင့်လာပြီး ရေကာတာစီမံကိန်းက မပြီးသေးပါ။

ဂ၎င်းရေကာတာသည် အာဂျင်တီးနားနှင့် ပါရာဂွာ နှစ်နိုင်ငံအကြားတွင် တည်ရှိသည်။ မျှော်လင့်ထားသည့် ဓါတ်အား၏ ၆၀ ％ ကိုသာထုတ်လုပ်နိုင်သည်။ ရေကာတာကို အုပ်ချုပ်သူတို့မှာ မမြတ်သည့်အပြင် အရှုံးပေါ်နေသဖြင့် ဒေါ်လာသန်းချီ ပြီးအကြွေးတင်နေကာ ချေးငွေများကိုလည်း ပြန်မဆပ်နိုင်တော့ပေ။

အစိုးရတို့သည်ရေကာတာဆောက်ရန် ငွေချေးယူ လေ့ရှိကြသည်။ အမြောက်အများ မြတ်မည်ဟု မျှော်လင့်ကြသည်။ မျှော်လင့်သလောက် ဓါတ်အားမထွက်သောအခါ ချေးငွေကိုလည်းပြန်မဆပ်နိုင်ပါ။ ထိုအခါ လူထုပညာရေးနှင့် ကျန်းမာရေး အတွက် သုံးရမည့်ငွေကို ဖြတ်ယူသုံးစွဲတော့သည်။

ငွေကြေးချို့တဲ့သည့်နိုင်ငံများသည် မရေရာသော ရေကာတာတွင် အရင်းအနှီးမြှုပ်နှံလိုက်သဖြင့် ကမ္ဘာ့ဘဏ်ကဲ့သို့သော ငွေကြေးဌာနများ၏ အကြွေးများ အပိခံရတော့သည်။ ဆင်းရဲမှုကို လျှော့ချလို၍ ရေကာတာဆောက်ခါမှ ရှင်ကြီးကျားထက်ဆိုးအဖြစ်ရောက်ရတော့သည်။

## ◆ ရေကာတာဆောက်လုပ်ရန် မည်သူငွေ ထုတ်ပေးသနည်း။

ရေကာတာအတွက် နှစ်စဉ်သုံးသည့်ငွေမှာ မေရိကန် ဒေါ်လာ ၄၀ ဘီလီယံခန့်ရှိသည်။ ရေကာတာဆောက်လုပ်ရန် စျေးအလွန်ကြီးသည့်အတွက် များသောအားဖြင့် အစိုးရသည် ရေကာတာဆောက်လုပ်ရန် အတွက်ငွေကြေးအဖွဲ့စည်းများမှချေးငွေရယူလျက်ရှိသည်။ ကမ္ဘာ့ဘဏ်သည် အရေးကြီးသည့် ငွေကြေးအဖွဲ့အစည်းတခုဖြစ်သည်။ ဤအပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်သည် တကမ္ဘာလုံးရှိ ရေကာတာပေါင်း ၆၀၀ အတွက် အမေရိကန်ဒေါ်လာဘီလီယံ သန်းပေါင်း ၆၀ အသုံးပြုခဲ့ပြီးဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာဖရိကဖွံ့ဖြိုးရေးဘဏ် နှင့်အပြည်ပြည်ဆိုင်ရာအမေရိကန်ဖွံ့ဖြိုးရေးဘဏ်၊ ဒေသဆိုင်ရာဖွံ့ဖြိုးရေးဘဏ်စသည်တို့လည်းရေကာတာဆောက်လုပ်ရန်အစိုးရနှင့်ကုမ္ပဏီ များကိုငွေချေးငှားပေးသည်။

ရေကာတာဆောက်လုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်များမှ ချေးငွေအစိတ်တပိုင်းပေးသည့်အခါ သက်ဆိုင်ရာအစိုးရက ပုဂ္ဂလိကဘဏ်မှ ငွေချေးရန် ပိုမိုလွယ်ကူသွားသည်၊ ဂျပန်၊ ဂျာမဏီကဲ့သို့ ချမ်းသာသည့်နိုင်ငံများကလည်း ရေကာတာဆောက်လိုသည့် အစိုးရများသို့ငွေကြေးအကူအညီနှင့် ချေးငွေများပေးအပ်လျက်ရှိသည်။

ရေကာတာဆောက်ပြီးသည့်အခါ အစိုးရကချေးငွေများကိုပြန်ဆပ်ရသည်။ ရေကာတာမှငွေအမြောက်အများမရသည့် အခါလည်း အစိုးရကအကြွေးတွေကိုမဖြစ်မနေပြန်ပေးဆပ်ရသည်။




ချမ်းသာသည့်နိုင်ငံများသည် ရေကာတာဆောက်လုပ်ရေးကုမ္ပဏီကရသည့်ငွေနှင့် အစိုးရကဆင်းရဲသည့်နိုင်ငံမှချေးငွေဆပ်သည့်အခါ အတိုးရငွေဖြင့်ဆည်မှ အကျိုးအမြတ် ၂ မျိုးရှိသည်။

# ရေကာတာ၏နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ



မာလီဆီမီလို တီဒန်က သူမ၏အာဖရိကရှိ လက်ဆိုဒေသတို့တွင် အကြီးစားရေကာတာဆောက်လုပ်သည့်သတင်းကို ဦးစွာကြားသည့်အခါ သူမကဒီကိစ္စကိုဆန့်ကျင်ခဲ့သည်။ သို့သော် လူအများ၏ဘဝပိုမိုကောင်းစားဖို့အတွက် လူအနည်းငယ်ပြောင်းရွှေ့ကောင်း ပြောင်းရွှေ့ရမည်ဟု ရေကာတာ ဆောက်လုပ်မည့်သူက သူမကိုဖြောင်းပြပြောဆိုခဲ့သည်။ သူတို့ကလျှော်ကြေး၊ ရေ၊ ကျောင်းနှင့်အိမ်အသစ်များပေးမည်ဟု မာလီဆီမီလိုနှင့်သူမ၏ အသိုင်းအဝိုင်းအားကတိပေးခဲ့သည်။

သို့သော်သူတို့ကတိမတည်ပါ။ "ကျွန်ုပ်တို့က ကျွန်ုပ်တို့၏မြေအတွက်လျှော်ကြေးအလုံအလောက်မရသည့်အခါ ဒါဟာကျွန်ုပ်တို့၏ခလေးနှင့် နောက်မျိုးဆက်တွေကို သေတွင်းပို့တာနဲ့အတူတူပါဘဲ၊ ဘာကြောင့်လဲဆိုတော့ အနာဂါတ်မှာ သူတို့အသက်ရှင်ရန် လုပ်ကိုင်စားသောက်ဖို့ ဘာမှမရှိတော့ ဘူးဟု" မာလီဆီမီ လိုတီဒန်က ဆိုသည်။

ဒါဟာ မာလီဆီမီလို တီဒန်အကြောင်းတခုထဲ မဟုတ်ပါဘူး။ လူသန်းပေါင်း ၄၀ မှ ၈၀ ခန့်ဟာ ရေကာတာနှင့်ဝေး ဖို့အတွက် မိမိအိမ်နှင့် နေရင်းဒေသမှအဓမ္မပြောင်းရွှေ့ခြင်းခံရသည်။ ၎င်းတို့အထဲမှအများစုဟာ ယခုအခါပိုမိုဆင်းရဲလာကြသည်။ သူတို့၏ လူနေမှုဘဝ၊ ယဉ်ကျေးမှုနှင့် သူတို့၏လူအဖွဲ့အစည်းများ ချေဖျက်ခံရသည်။

ရေကာတာဟာ ကမ္ဘာအချို့ဒေသရှိ အရေးကြီးသည့်တိရိစ္ဆာန်တည်ရှိမှုနှင့် လယ်ယာမြေရှိ မြေဆီလွှာများကို လုံးဝရေအောက်နှစ်မြုပ်လိုက်သည်။ ၎င်းသည် မြစ်များကို ပျက်စီးစေပြီး ငါးဖမ်းလုပ်ငန်းကို ဖျက်ဆီးလိုက်သည်။ အချို့ငါး၊ တိရိစ္ဆာန်နှင့် ဟင်းအမွှေးအကြိုင်သစ်ပင်များ ပျောက်ဆုံးသွားကုန်သည်။

ဤအခန်းသည် ဆည်ကြောင့် လူ့အဖွဲ့ ့အစည်းအပေါ် ကျရောက်လာမည့် နောက်ဆက်တွဲ အကျိုးသက်ရောက်မှုအကြောင်းကို ရှင်းလင်းထားသည်။ ဆည်ကြောင့် နေရာပြောင်းရွှေ့ခံရသည့် အိမ်ထောင်စုများ နှင့်ရေကာတာအောက်ပိုင်းတွင် နေထိုင်နေသည့် လူအဖွဲ့အစည်း၏ နောက်ဆက်တွဲအကျိုးရလဒ်တွေကို အလေးပေးလေ့လာထားပါသည်။ ပြီးနောက်လက်ဆိုဒေသရှိ လူ့အဖွဲ့စည်းကသူတို့၏လူနေမှုဘဝအတွက် ရေကာတာကြီးကိုမည်သို့ဆန့်ကျင်ခဲ့သည်ကိုဆွေးနွေးထားပါသည်။



## ရေကာတာ၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများ

**ရေကာတာသည် လူ့အဖွဲ့စည်းကို ပျက်စီးစေသည်**

ရေကာတာ၏အနီးအနားဧရိယာတွင် နေထိုင်သည့်အိမ်ထောင်စုများသည် အိုးအိမ်၊ လယ်ယာမြေနှင့်လူနေမှုဘဝပုံစံများ ဆုံးရှုံးရသည်၊ ၎င်းလူ့အဖွဲ့အစည်းသည်များသောအားဖြင့် အတူတကွပြန်လည်အခြေချရန် မဖြစ်နိုင်သည့် အပြင်သူတို့ဒေသမှ ပြောင်းရွှေ့ပြီးနောက် ပိုင်းပိုမိုဆင်းရဲလာကြသည်။

**ဆည်ရေသည် တိရိစ္ဆာန်များ၏နေထိုင်မှုကို ပျက်စီးစေသည်**

သစ်တော၊ ရေစိုမြေနှင့် အခြားတိရိစ္ဆာန်နေထိုင်ရာနယ်မြေများ ရေလွှမ်းမိုးခြင်းခံရသည်၊ ဆည်ရေသည်တိရိစာန်တို့နေထိုင်ရာနယ်မြေကိုခွဲခြားလိုက်သည်သာမက တိရိစ္ဆာန်များ တနေရာမှတနေရာသို့သွားသည့်လမ်းကြောင်းကိုလည်း ပိတ်ပင်လိုက်သည်။



**ဆည်ရေသည် ကျန်းမာရေးပြဿနာကို ဖြစ်ပေါ်စေသည်။**

ဆည်ရေကြောင့်ခြင်နှင့် အခြားရောဂါဖြစ်ပွား နိုင်သောတိရိစ္ဆာန် ပိုမိုများလာသောကြောင့် ဌက်ဖျား၊ သွေးနှင့်ဆီးအိမ်မှကပ်တွယ်နေသော ဗိလီယာဇီယာ သန်ကောင်ကြောင့်ဖြစ်သောရောဂါ စသည့်ရောဂါ ပိုမိုများပြားလာသည်။


ရေကာတာသည် ငါးတွေကို သေစေပြီး ငါးဖမ်းခြင်းလုပ်ငန်းကို ဖျက်ဆီးလိုက်သည်၊
ငါးများရေကာတာကို မဖြတ်သန်းနိုင်သည့်အတွက်ဆည်အပေါ်ပိုင်းရှိငါးအရေတွက်များလျော့နည်းလာသည်၊ ရေကာတာအောက်ပိုင်းတွင်ရေစီးကြောင်းနှင့် ရေစီးနှုန်းပြောင်းလဲသွားသည့်အတွက်ငါးများကို ပျက်စီးစေသည်၊ ငါးဖမ်းလုပ်ငန်းပေါ်တွင် မှီခိုနေရတဲ့ လူတွေအတွက်ဝင်ငွေထိခိုက်စေခဲ့သည်။
ရေကာတာသည် ချမ်းသာသူတို့အား ရေနှင့် စွမ်းအင်ကို ပေးဆောင်၏
ရေကာတာနှင့် ၎င်း၏ ရေလှောင်ကန်သည်ကျေးလက်တောင်သူလယ်သမားများ တံငါသည်များ အသုံးပြုနေသော မြစ်ရေကိုယူလိုက်သည်၊ ၎င်းရေနှင့်လျှပ်စစ်စွမ်းအင်ကိုရေကာတာ အားစောင့်ရှောက်နေသော ကျေးလက်နေလူထုအားပေးဝေမည့်အစား မြို့နေချမ်းသာသူများသို့ပေးဝေသည်။
သီးနှံထွက်နှုန်းနည်းပါးလာသည်
ရေကာတာသည်အချို့ အကောင်းဆုံးလယ်ယာမြေများကို ရေလွှမ်းမိုးလိုက်ပြီး သီးနှံများအတွက် ဓါတ်မြေသြဇာဖြစ်စေမည့် အနည်အနှစ်များအောက်သို့စီးဆင်းမှုကို ပိတ်ပင်လိုက်သည်၊ ဆည်ရေကန်မှလွှတ်သော ဆည်ရေများသည် မြစ်ကမ်းပါးရှိ ခြံများကိုတိုက်စားသွားသည်။
ရေကာတာသည် ရေညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။
ညစ်ညမ်းသည့်ရေသည် ရေကာတာအောက်ပိုင်းရှိ လူနှင့်ကျွဲနွားများကို နာမကျန်းဖြစ်စေသည်။

## ◆ ပြောင်းရွှေ့ခံရမှုအခြေအနေ

### ပြောင်းရွှေ့ခံရသည့် လူ့အဖွဲ့အစည်းများခံစားရခြင်း



ကမ္ဘာတဝှမ်း ရေကာတာကြောင့် ရွှေ့ပြောင်းရသူ သန်း ၄၀ နှင့် ၈၀ အကြားရှိခဲ့ပြီ၊

လူတွေကိုင်၄င်းတို့၏နေအိမ်မှ အတင်းအဓမ္မပြောင်းရွှေ့ခံ ရမှုသည် ဆည်၏အကြီးဆုံးအကျိုးသက်ရောက်မှုတခုဖြစ်သည်။ ရေလှောင်ကန်သည် လူတွေနေထိုင်သည့်နေရာ၊ သီးနှံစိုက်ပျိုးသည့်နေရာ၊ ငါးဖမ်းသည့်နေရာနှင့် တိရိစ္ဆာန်မွေးမြူသည့်နေရာတို့ကိုရေလွှမ်းမိုးလိုက်သည်။ အချို့မိသားစုများသည် ၄င်းတို့၏လယ်ယာမြေတွင် မျိုးဆက်ပေါင်းမြောက်များစွာနေထိုင်လာခဲ့သည်။ ဒီအခြေနေကြားထဲမှ အစိုးရနှင့်ရေကာတာ ဆောက်လုပ်သူများသည် ၄င်းတို့၏ အိမ်နှင့်လယ်မြေကိုစွန့်ခွာရန် ဖိအားပေးသည်။ ကျေးရွာအများအပြားရေအောက်မြုပ်သွားသည်။

ပြောင်းရွှေ့မှုသည် လူအများစုကို ပိုမိုဆင်းရဲစေသည်။ သူတို့သည်အစားစာနှင့် မိသားစုကိုထောက်ပံ့ရန် ဝင်ငွေများအလုံအလောက်ရရှိဘို့ အခက်အခဲနှင့်ရင်ဆိုင်လာရသည်။ သူတို့သည် လယ်ယာလုပ်ငန်းနှင့်ငါးဖမ်းလုပ်ငန်းဖြင့် သက်မွေးဝမ်းကြောင်းလုပ်ကိုင်ရန် ရေရှည်တွင်မဖြစ်နိုင်ပါ၊ တောနေလူများသည် ဘဝအသစ်ကိုထူထောင်ဖို့မြို့သို့ အတင်းပြောင်းရွှေ့ခံရသည်။ မြို့တွင်လည်း ရာဇဝတ်၊ မူယစ်ဆေးစသည့်ပြဿနာသစ်များနှင့်ရင်ဆိုင်ရနိုင်သည်။

ပြောင်းရွှေ့မှုသည် လူ့အဖွဲ့အစည်းနှင့် ၄င်းတို့၏ယဉ်ကျေးမှုကို ဖျက်ဆီးလိုက်သည်။ ကျေးရွာများသည် ပိုင်းခြားခံလိုက်ရပြီး လူများသည်၄င်းတို့၏ဆွေမျိုးများရင်းနှီးသည့်သူငယ်ချင်းများနှင့်အတူမနေထိုင်ရတော့ပါ။ များသောအားဖြင့် ဌာနေတိုင်းရင်းသားများနှင့် လူနည်းစုလူမျိုးများသည် ရေကာတာ၏သားကောင်များဖြစ်ကြရသည်။ ဘိုးဘွားလက်ထက်က ရိုးရာယဉ်ကျေးမှုအမွေအနှစ်များရေအောက်လွှမ်းမိုးသွားသည်။ လူများသည်သူတို့၏ဘိုးဘွားလက်ထက်က ပိုင်ဆိုင်သောမြေများနှင့်ဝေးကွာခဲ့ရသည်။



ရေကာတာကြောင့်ရွှေ့ပြောင်းခံရသောလူတချို့သည်၊ မြေဩဇာမကောင်းသော၊ စိုက်ပျိုးမရနိုင်သည့်အလွန်မတ်စောက်သောနေရာများကြောင့်ဖြစ်သည်။

လောနိုင်ငံရှိ ဟိုဝေဟူး ရေကာတာအတွက် ပြောင်းရွှေ့ခံရတဲ့ ဥာဏ်ဟုမ်း တိုင်းရင်းသားလူမျိုးတဦးကအချို့လူများသည် ပြောင်းရွှေ့မှုကြောင့် သူတို့ဖျားနာသည်ဟုထင်တယ်။ သူတို့သည်ပြောင်ရွှေ့သည့်နေရာ အသစ်မှာသူတို့မြေမဟုတ်ဘူးဟုထင်နေကြတယ်။ နိုင်ငံခြားတိုင်းပြည်ကို ပြောင်းရွှေ့သွားသလိုပါဘဲ၊ ကိုယ်မြေ၊ ကိုယ်အိမ်ဖျက်ဆီးခံလိုက်တယ်ဟုပြော ပြသွားတယ်။

များသောအားဖြင့် ရေကာတာကြောင့် ထိခိုက်သူများသည် စိတ်ပိုင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာသည်။ သူတို့သည်နေရာ အရွှေ့ခံရပြီးနောက်ပိုင်းတွင်၊ အရက်စွဲခြင်း၊ စိတ်ဓါတ်ကျခြင်းနှင့်အိမ်တွင်း အကြမ်းဖက်မှုများစသည့် ရောဂါများအပြင်ကိုယ့် ကိုယ်ကိုသတ်သေမှုစသည့် အဖြစ်များ ပိုမိုများပြားလာသည်။

## ပြန်လည်နေရာချထားရေးပြဿနာများ

ရေကာတာကြောင့်ပြောင်းရွှေ့ခံရသူအချို့သည်အိမ်အသစ်များရရှိကြသည်။ ဒါကိုပြန်လည်နေရာချထားရေးဟုခေါ်သည်။ လူများသည် ရှိပြီးသားရွာများ သို့မဟုတ် ရေကာတာကြောင့်ထိခိုက်သည့်လူများအတွက်ဆောက်ထားသည့်ရွာသစ်များသို့ ပြောင်းရွှေ့ခံရနိုင်သည်။

ပြန်လည်အခြေချ ပြီးလျှင်လူတွေရဲ့ဘဝပိုကောင်းလာမည်ဟု ရေကာတာတည်ဆောက်သူတို့က ကတိပေးကြသည်။ လူတွေအလုပ် ရမည့်အပြင် အိမ်အသစ်များနှင့် လျှပ်စစ်မီးများရမည်ဟု ကတိပေးကြသည်။ သို့သော်လည်းသူတို့ကတိမတည်ပါ၊ များသောအားဖြင့် အိမ်သည်ဖြစ်သလိုပြုလုပ်ထားသည်။ လူတွေကရေနှင့် လျှပ်စစ်မီးခပေးရန် မတတ်နိုင်ပါ။ အယင်ကထက် မြေအနည်းငယ်သာ ရရှိသည်။ မြေအသစ်သည်မြေဟောင်းအထက်စိုက်ပျိုးလုပ်ကိုင်ရန် ပိုမိုခက်ခဲသည်။

မကြာခဏဆိုသလို ပြန်လည်နေရာချထားခံသူများသည် လယ်ယာလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း နှင့် တိရိစ္ဆာန်မွေးမြူရေး လုပ်ငန်းတွင် ယခင်ကလိုမလုပ်ဆောင်နိုင်ပါ။ တခါတရံရေကာတာဆောက်လုပ်သူများကဘဝအသစ်အတွက်စျေးကွက်တွင် ရောင်းချနိုင်တဲ့ သီနှံ များကိုစိုက်ပျိုးရန် အားပေးသည်။ သို့သော်ငြားလည်း ဒုက္ခရောက်ကြရသည်။

## လူများသည် လျော်ကြေးအလုံအလောက်မရရှိပါ။

လျော်ကြေးသည် လူတွေဆုံးရှုံးမှုအတွက် ငွေသို့ မဟုတ် ပစ္စည်းဖြင့် အစားပြန်ပေးခြင်းကိုဆိုလို သည်။ လူတွေက ငွေဖြင့် လျော်ကြေးရသည့်အခါ များသောအာဖြင့် ၄င်းငွေဖြင့် အသက်မွေးဝမ်း ကြောင်းလုပ်ကိုင်ရန် မလုံလောက်ပါ။ အကယ်၍ လူတွေကငွေကြေးကောင်းစွာမသုံးစွဲ တတ်သော ကြောင့်ငွေကိုကြာရှည်ခံအောင်မည်သို့ပြုလုပ် ရမည်ကိုမသိကြပါ။




အသက်ရှင်ရပ်တည်ဖို့ငွေအလုံအလောက်မရှိသည့်အခါ များသောအား ဖြင့်လူတွေက ဆင်းဆင်းရဲရဲ ဒါမှမဟုတ် အခြားနိုင်ငံမှာ အလုပ်သမား ဘဝနှင့်ဘဝကုန်ဆုံးသွားသည်။

လူအများစုသည်လျော်ကြေးများမရရှိပါ၊ သူတို့နေထိုင် သည့်မြေမှာတရားဝင်ပိုင်ဆိုင်မှုမရှိ သည့်အတွက်ကြောင့် လူတွေက လျော်ကြေးရယူ ဖို့အခွင့်အရေးမရှိဘူးလို့ အစိုးရကပြောသည်။ သူတို့ကျေးရွာက မြေခွဲဝေပေးခြင်း (သို့မ ဟုတ်) အခြားသူများပိုင်တဲ့လယ်မြေမှာ အလုပ် လုပ်တာမျိုးဒါမှမဟုတ်သူတို့ ထိခိုက်တာကိုအစိုး ရကမစဉ်းစားမိတာကြောင့်လည်းဖြစ်နိုင်ပါ တယ်။။

အိမ်ကြီးကြီးရဖို့အတွက် ခင်ဗျားတို့ရဲ့ အိမ်ငယ်ငယ်တွေကိုပေးလိုက်ပါဟုအစိုးရအရာရှိတွေကကျွန်မတို့ကိုပြောသည်ဟု တရုတ်ပြည် (Xiaolangding) ရေကာတာကြောင့် နေရာပြောင်းရွှေ့ခံရသူ ဟန်လူကွီကဆိုသည်။ သူတို့က အိမ်အတွက် ၁၅ ပေပတ်လည်မြေနှင့် ဆုံးရှုံးသွားတဲ့ယာမြေအားလုံးကို ပြန်ပေးမယ်ဟု ကတိပြုခဲ့တယ်။ ဒါပေမဲ့ အခုအချိန်အထိ ငွေကြေးကအစ ဘာတခုမှ မရရှိပါဘူး။ လူတဦးမှာ ယာမြေအကောင်းစား ဧကဝက်ပိုင်ဆိုင်တဲ့ ကျွန်မတို့မိသားစုမှာ Kiang Yuan ဒေ သကိုပြောင်းရွှေ့သည့်အခါ လူတဦးမှာ အညံ့စားမြေဧက လေးပုံတပုံသာလျှင်ရရှိခဲ့သည်။

## ◆ ရေကာတာအောက်ပိုင်းရှိ လူသန်းပေါင်းများစွာ၏ထိခိုက်မှုများ

ရေကာတာသည် ၄င်း၏အောက်ပိုင်းရှိသန်းပေါင်းများစွာသောလူတို့၏ ဘဝကိုဖျက်ဆီးလိုက်သည်။ အကြီးမားဆုံး ထိခိုက်မှုကား ငါးဖမ်းလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းပင်ဖြစ်သည်။



ဘရာဇီးလ်နိုင်ငံတုကူရီ ရေကာထာအောက်ပိုင်းဆောက်ပြီးနောက် အနိမ့်ပိုင်းတွင် ငါး ၆၀ ရာနူန်းလျော့နည်းသွားကာ ယခုအခါ ငါးဖမ်းသူနည်းပါးသွားသည်။

### ငါးဖမ်းလုပ်ငန်းဖျက်ဆီးခံရခြင်း

ရေကာတာသည် ရေစီးလမ်းကြောင်းကို ပြောင်းလဲလိုက်ပြီး ငါးများ မျိုးပေါက်ဖွားမှုနှင့်ဆည် အထက်ပိုင်းတွင်နေထိုင်နိုင်မှုကို တားဆီးလိုက်သည်။ ငါးဦးရေသည် သိသိသာသာ လျော့နည်းလာသည်။ အချို့ငါးများ ပျောက်ဆုံးသွားသည်။ အကျိုးဆက်အဖြင့် သူတို့အသားဓါတ်နှင့် ဝင်ငွေများ လျော့နည်းလာသည်။ သူတို့၏ ရိုးရာလူနေမှုပုံစံများ ပျောက်ကွယ်သွားသည်။ ဘရာဇီးလ်နိုင်ငံ Tucurui ရေကာတာဆောက်လုပ်ပြီးနောက်ပိုင်းရေကာတာ အောက်ပိုင်းငါးဖမ်းလုပ်ငန်းသည် ၆၀ ရာခိုင်နူန်းအထိ ကျဆင်းသွားသည်။ ငါးဖမ်းသည့်လူပိုမိုနည်းပါးလာသည်။

### ကောက်ပဲသီးနှံနည်းပါးလာခြင်း

ကောက်ပဲသီးနှံ ဖျက်ဆီးခြင်းကြောင့်လူတွေ ဒုက္ခရောက်နိုင်သည် ရေစီးလမ်းကြောင်းပြောင်းသွားခြင်းသည် ရေကာတာအောက်ပိုင်းရှိ မြစ်ကမ်းပါးကို တိုက်စားသွားနိုင်ပြီး တခါတရံမြစ်ကမ်းပါးရှိ မြေများ ခြံများနှင့်သီးနှံများ ကိုတိုက်စားသွားသည်။

မြစ်ရေကြီးပြီးနောက်ပိုင်းတွင်မြစ်သည် လယ်ယာမြေဩဇာအတွက်အရေးကြီးသည့် အနည်အနစ်များကိုသယ်ဆောင်ပေးသည်။ ရေကာတာသည် ဤအနည်အနစ်များစီးဆင်းမှုကို ရပ်တန့်စေပြီး သီးနှံထွက်နူန်းလည်း လျော့ကျလာသည်။ လူတွေကဓါတ်မြေဩဇာကိုဝယ်ယူသုံးစွဲရသည်။ ၄င်းဓါတ်မြေဩဇာသည် ဈေးကြီးသည့် အတွက်ကြောင့်လူများ လယ်လုပ်သည့်အလုပ်မှ ရပ်နားသွားနိုင်သည်။

### သန့်ရှင်းသည့်ရေနည်းပါးလာခြင်း

အထူးသဖြင့် အောက်ပိုင်းတွင်ရှိသည့်ရေကာတာသည် ရေအလွန်နည်းလာပြီးညစ်ညမ်းသည့်ရေများပြားလာသည့်အခါ ၄င်းရေကို သောက်သုံးခြင်းကြောင့် ကျန်းမာရေးကိုအလွန်ထိခိုက်ပါသည်။ ၄င်းရေကို ချိုးသည့်အခါလူတွေ အရေပြားပေါ်တွင် ယားနာခြင်းများ ဖြစ်ပေါ်လာသည်။ သီနှံအတွက် ရေပေးဝေရန်လည်းရေလျော့နည်းလာသည်။



*ကမ္ဘောဒီးယားနိုင်ငံ၌ ယာလီ ရေကာတာဆောက်ပြီးနောက် စီစန့်မြစ်တွင်ရေချိုးသူများသည် ယားနာများ ဖြစ်ကြရသည်။*

### ရွှတ်ချခြင်းကြောင့် ထိခိုက်မှုများ

တခါတရံ ရေကာတာကြီးကြပ်သူက ရေလှောင်ကန်မှရေကို ရုတ်တရက်လွှတ်ချဖို့ဆုံးဖြတ်လိုက်သည်။ ထိုအခါ ရေအမြင့်သည် ချက်ခြင်း မြှင့်တက်သွားသည်။ မြစ်ကို အသုံးပြုနေသည့် လူများ ဘာမှအချက်ပေးသံမရဘဲ ဖြစ်နိုင်သည်။ ထိုအခါ လှေနှင့် ငါးဖမ်းကရိယာများရေထဲသို့မျောပါသွားပြီး အချို့နေရာများတွင်လူပါမြုပ်သွားသည်။

## လက်ဆိုတို လူ့အဖွဲ့အစည်းမှ ဆင်းရဲမှုကို တိုက်ဖျက်ခြင်း



လက်ဆိုတို၌ ကက်ဆယ် (Katse) ရေကာတာမဆောက်မီကါလတွင် ဒေသခံလူထုသည် ၁၂ ရာသီလုံးအသီးနှံစိုက်ပျိုးနိုင်သည်။ ကျောက်ဖရုံ၊ ပဲတောင့်ရှည်၊ အာလူးနှင့် အခြားဟင်းရွက်များ စိုက်ပျိုးကြသည်။ သူတို့၏ကြီးမားသည့်လယ်မြေမှ တယောက်နှင့်တယောက် ဝေငှပေးရန် အသီးနှံအလုံအလောက်ထုတ်ပေးသည်။

သို့သော် သူတို့ပြန်လည်နေရာချထားခံရပြီးနောက်ပိုင်းတွင် သူတို့ပိုမိုဆင်းရဲလာကြသည်။ လျော်ကြေးနှင့်သက်မွေးဝမ်းကြောင်းထူထောင်ရေးအတွက် ပေးထားသည့်ကတိများဖျက်သွားသည်။

နေရာအသစ်မှာ အသက်မွေးဝမ်းကြောင်းထူထောင်ဖို့ အလွန်ခက်ခဲပါသည်။ အစစအရာရာအားလုံး အတွက်ကျွန်မတို့ရုန်းကန်ရတယ်။ မိုလီကါလီကိုမှာဆိုရင် တနှစ်စာ အစားအစာအလုံအလောက်ရှိတယ်။ ဒီမှာတနှစ်လုံး ကျွန်မတို့ ငတ်နေကြတယ်ဟု ကက်ဆယ် (Katse) ကြောင့် မိုလီကါလီကိုဒေသမှ ပြောင်းရွှေ့ခံရသူနဟိုနိုကပြောသည်။

လက်ဆိုတိုဒေသရှိ ဒေသခံများက မျှတတဲ့ လျော်ကြေးရရှိဖို့ တောင်းဆိုတိုက်ပွဲဝင်လျှက်ရှိသည်။ ရေကာတာဆောက်လုပ်သူများကို တရားစွဲဆိုခြင်း၊ သူတို့၏နစ်နာချက်ကို တင်ပြခြင်းနှင့် ဆန္ဒပြခြင်းများပြုလုပ်သည်။ ၂၀၀၅ ခုနှောင်းပိုင်းတွင် အစိုးရက ဒေသခံများ၏တောင်းဆိုချက်အားလုံးကို လိုက်လျောမည်ဟု ကတိပေးသည်၊ ဒီကတိတည်ပါ့မလား။

အကယ်၍ သင်၏ရေိယာမှာ ရေကာတာတည်ဆောက်မည်ဟု ကြားသည့်အခါ ဒီအကြောင်းတွေကိုသတိရဖို့အရေးကြီးပါတယ်။ အကယ်၍ ကိုယ်အနီးပတ်ဝန်းကျင်မှာ ဆည်ဆောက်ခဲ့ရင်ကိုယ်ရဲ့ဘဝဘယ်လောက်ပြောင်းလဲသွားနိုင်တယ်ဆိုတာစဉ်းစားပါ။ ကိုယ်ရဲ့မိသားစု၊ ကိုယ်ရဲ့ဘဝ၊ ကိုယ်ရဲ့ယဉ်ကျေးမှုနှင့် ကိုယ့်လူအဖွဲ့အစည်းကို ဘယ်လောက် ထိခိုက်နိုင်တယ်ဆိုတာ တွေးတောစဉ်းစားပါ။

### ဆွေးနွေးရန်မေးခွန်းများ



# အပြည်ပြည်ဆိုင်ရာ ရေကာတာဆန့်ကျင်လှုပ်ရှားမှုများ




ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော လူတို့သည် အပျက်အစီးအထိအခိုက်များစေသည့်ရေကာတာများကိုပိုမိုဆန့်ကျင်လာကြသည်။ ပါကစ္စတန်မှ တံငါသည်များ၊ ထိုင်းနိုင်ငံမှ လယ်သမားများ နှင့် ဂွာတီမာလာမှ ဌာနေတိုင်းရင်းသားတို့သည်ရေကာတာကို ဆန့်ကျင်လာကြသည်။ သူတို့သည် သူတို့လူမျိုး၏လူနေမှုဘဝနှင့် သဘာဝအရင်းမြစ်များအတွက် တိုက်ပွဲဝင်ကြသည်။ ၎င်းအပြင် သူတို့၏ဘဝကို အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်တွင် ပါဝင်ခွင့်ရှိဖို့တောင်းဆိုတိုက်ပွဲဝင်နေတာလည်းဖြစ်သည်။

ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့အစည်းများ အတူတကွ လက်တွဲလုပ်ဆောင်သည့်အခါ ဒီလှုပ်ရှားမှုသည် ပိုမိုထိရောက်လာသည်။ ယခုအခါ လက်တင်အမေရိကန်၊ရှေ့နှင့်အရှေ့တောင်အာရှ၊ တောင်အာရှ၊ ဥရောပ၊ အာဖရိက စသည့် ဒေသများတွင် ရေကာတာဆန့်ကျင်သူများ၏ ကွန်ယက်များ တည်ရှိနေပြီးဖြစ်သည်။ ၎င်းကွန်ယက်သည် ရေကာတာကြောင့် နစ်နာနေရသူများ၊ လူထုလှုပ်ရှားမှုများ၊ အစိုးရ မဟုတ်သော **NGOs** လူမှုရေးအဖွဲ့အစည်းများ၊ သုတေသနပညာရှင်များနှင့် အခြားအဖွဲ့များပါဝင်သည်။ လူများသည် ရေကာတာလုပ်ငန်းရပ်သွားရန်နှင့် လူတို့၏အခြေခံလူ့အခွင့်အရေးများကို ကာကွယ်ရန်အတွက် ၎င်းကွန်ယက်ကို အသုံးပြုရန်သတင်းများဖလှယ်ခြင်း၊ ပူးတွဲလုပ်ငန်း လှုပ်ရှားမှုများလုပ်ဆောင်လာကြသည်။

ရေကာတာဆန့်ကျင်လှုပ်ရှားသူများသည် ရေကာတာကို ဆန့်ကျင်ရေးအတွက်၎င်းတို့၏အတွေ့အကြုံဖလှယ်ရန်နှင့်ဗျူဟာရေးဆွဲရန်အတွက် အပြည်ပြည်ဆိုင်ရာအစည်းအဝေး ၂ ခုကို လုပ်ဆောင်နိုင်ခဲ့သည်။ ၁၉၉၇ နှစ်တွင် နိုင်ငံ ၂၀ မှ လှုပ်ရှားသူများသည် ဘရာဇီလ်းနိုင်ငံတွင် တွေ့ဆုံပြီး ၂၀၀၃ ခုနှစ်တွင် နိုင်ငံ ၆၁ နိုင်ငံမှ လှုပ်ရှားသူ (၃၀၀) ခန့် ထိုင်းနိုင်ငံတွင်တွေ့ဆုံခဲ့ကြသည်။ ဤလှုပ်ရှားမှုသည် ဆက်လက်ကြီးထွားလာပြီး ပိုမိုအရှိန်ကောင်းလာသည်။

## ◆ ရေကာတာလှုပ်ရှားသူများ၏အောင်မြင်မှုများ



### တည်ဆောက်မည့်ရေကာတာ လျော့နည်းလာသည်

ရေကာတာတည်ဆောက်မှု ရပ်တန့်ရေးလှုပ်ရှား သူများသည်ပိုမိုအောင်မြင်လာပြီး ယခုအခါ ယခင်ကထက်နိုင်းယှဉ်လျှင် ရေကာတာအနည်းငယ်သာတည်ဆောက်ဖြစ်ကြသည်။ ရေကာတာဆန့်ကျင်မှု မြင့်မားလာသည့်အတွက် အစိုးရကိုယ်တိုင်ပင် ရေကာတာ စီမံချက်များကို ရပ်ဆိုင်းလိုက်ရသည်။



### အချို့ရေကာတာများ ရပ်ဆိုင်းလိုက်ရသည်။

အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက တည်ဆောက်ခဲ့သော ရေကာတာများကို ယခုအခါဖျက်သိမ်းဖယ်ရှားလိုက်ကာ မြစ်များသည်လည်း ယခင်ပုံမှန်အတိုင်းပြန်လည်စီးဆင်းသွားသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က ပြင်သစ်နိုင်ငံ Loire နှင့် Leguer မြစ်အတွင်း အသေးစားရေကာတာ အမြောက်အမြား ဖယ်ရှားလိုက်သောအခါ မြစ်များပုံမှန်စီးဆင်းသွားကာ Salmon နှင့် အခြားငါးများ ရေကာတာ၏ အထက်မှအောက်သို့ ပြန်လည်ကျက်စားနိုင်သည်။



### ရေကာတာ၏ဒဏ်ကို ခံရသည့်လူများ၏အခွင့်အရေးကို အသိမှတ်ပြုလာခြင်း။

ရေကာတာဘေးခံရသူများသည် ၎င်းတို့၏အခွင့်အရေးကို ကာကွယ်သည့်တိုက်ပွဲကို အောင်မြင်စွာတိုက်နိုင်ခဲ့သည်။ အချို့လူများသည် လျော်ကြေးပိုမိုရရှိလာပြီး အချို့လူများသည် ဆုံးဖြတ်ချက်ဖြစ်စဉ်တွင် ပါဝင်ခွင့်ရရှိလာသည်။ ဒါ့အပြင် အချို့လူများသည် စိုက်ပျိုးရေးအတွက် ရေသွင်းခွင့်နှင့်လျှပ်စစ်မီးများ ရရှိလာသည်။

ရေကာတာဘေးဒဏ်ခံနေရသူများနှင့် ၎င်းတို့မိတ်ဆွေများ၏ ဆန္ဒပြမှုကြောင့် ယခုအခါ ရေကာတာတည်ဆောက်ရေးမှာ ဘေးကင်းရန်အတွက် အပြည်ပြည်ဆိုင်ရာ လမ်းညွှန်များ ထားရှိလာရပြီး ၎င်းကို အပြည်ပြည်ဆိုင်ရာရေကာတာကော်မရှင်အောက်မှာ ထားရှိသည်။ ရေကာတာဘေးဒဏ်ခံနေရသူများ၏ သဘောတူညီချက်မရရှိဘဲ မည်သည့် ရေကာတာမှဆောက်ခွင့်မရှိဟု အပြည်ပြည်ဆိုင်ရာ ရေကာတာကော်မရှင်ကဆိုသည်။ ရေကာတာတည် ဆောက်သူများသည် လျော်ကြေးပေးရန်အတွက် ရေကာတာကြောင့် ထိခိုက်သူများနှင့်တရားဝင်စာချုပ် ချုပ်ဆိုသင့်သည်။ အကယ်၍ စာချုပ်ကိုချိုးဖောက်ခဲ့လျှင် ရေကာတာတည်ဆောက်သူများကို တရားစွဲနိုင်သည်။ အစိုးရအများစုက ဒီလမ်းညွှန်ကို လက်မခံကြသေးသော်လည်း ရေကာတာဘေးခံနေရသူများသည် ဤလမ်းညွှန်ကိုလက်နက်သဖွယ် အသုံးချပြီး ၎င်းတို့၏အခွင့်အရေးများကိုရရန်တိုက်နေကြသည်။



### ရေကာတာအတွက် ငွေနည်းလာခြင်း၊

ရေကာတာသည် အလွန်စရိတ်ကြီးပါသည်။ လက်တင်အမေရိကန်၊ အာဖရိကနှင့် အာရှနိုင်ငံများသည် ရေကာတာဆောက်လုပ်ရန်အတွက် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်တို့မှငွေချေးငှားရသည်။ လွန်ခဲ့သည့်အနှစ် ၂၀ က ဤငွေကြေးအဖွဲ့အစည်းများသည် ရေကာတာဆောက်လုပ်ရေးအတွက် ငွေအမြောက်အများထုတ်ပေးသော်လည်း ယခုအခါအကြီးစားရေကာတာများကို ပိုမိုဆန့်ကျင်လာသည့်အတွက် ချေးငွေများကို လျော့ချလာသည်။ ဤအချက်သည် အစိုးရကိုရေကာတာ တည်ဆောက်ရန် ပိုမိုခက်ခဲသွားစေသည်။

## ရွာသားများက ရာဆီစလိုင် (Rasi Salai) ရေကာတာတွင် အောင်ပွဲရရှိခြင်း။

သက္ကရာဇ် ၂၀၀၀ ခုတွင် ထိုင်းနိုင်ငံ ရာဆီစလိုင်ရေကာတာကို အမြဲဖွင့်လိုက်သည်။ ၄င်းသည် ရေကာတာ ဘေးခံနေရသူများ၏ ကြီးမားသည့် အောင်ပွဲတခုဖြစ်သည်။



ရာဆီစလိုင်ရေကာတာသည် လူပေါင်း ၁၅၀၀၀ ၏လယ်ယာမြေကို ရေလွှမ်းမိုးလိုက်သည်။ ၄င်းသည် ငါးသွားလာမှုကို ပိတ်ပင်လိုက်ပြီး စိမ့်မြေသစ်တောကို ရေလွှမ်းမိုးလိုက်သည်။ ၄င်းသည် အားလုံးအတွက်ဘေးဥပါဒ်ဖြစ်ပြီး ရေကာတာဘေးဒဏ်ခံ နေရသူ များက ၄င်းရေကာတာကို ဆန့်ကျင်ရန်ဆုံးဖြတ်လိုက်သည်။ မြစ်နှင့်လူနေမှုဘဝပြန်လည် တည်ဆောက်ရန်အတွက် ရေကာတာတံခါးကိုအမြဲဖွင့်ထားပေးရန်တောင်းဆိုသည်။

သူတို့၏တောင်းဆိုမှုကိုလူများအာရုံစိုက်လာရန်အတွက် ရေကာတာရေလှောင်ကန် ဧရိယာရှိ ကျေးရွာများတွင် ဆန္ဒပြသည်။ အချို့ဆန္ဒပြသူများသည် ရေကာတာနေရာကို ယူလိုက်ပြီး တံခါးမဖွင့်မခြင်းဒီကနေထွက်သွားမှာ မဟုတ်ဟုဆိုသည်။ နေရာတခုတွင် ဆန္ဒပြသူများသည် မြင့်လာသည့်ရေ၏ဝိုင်းရံခြင်းကို ခံရသည်။ ၄င်းသည် နှစ်နှင့်ချီကြာသည်။

အဆုံးတွင်ရွာသားများ အနိုင်ရသွားသည်။ ထိုင်းအစိုးရက ရေကာတာတံခါးဖွင့်ပေးရန် သဘောတူလိုက်သည်။ ထိုအချိန်ကတည်းက မွန်းမြစ်(MUN) သည် ပုံမှန်ပြန်ဖြစ်သွားပြီး လူများလည်း မြစ်ကမ်းပါးတွင် သီးနှံစိုက်ပျိုးခြင်း၊ ငါးဖမ်းခြင်းစသည် ဖြင့်သူတို့၏ပုံမှန်ဘဝကို ပြန်ရရှိသွားသည်။

ရာဆီစလိုင်ရေကာတာလှုပ်ရှားမှုခေါင်းဆောင် Buppa Kongtham ဘာကြောင့်ရေကာတာကို ဖယ်ရှားပစ်ဖို့ တောင်းဆိုရသလဲဆိုတာ အခုလိုရှင်းပြပါသည်။ သဘာဝဝန်းကျင်စောင့်ရှောက်တဲ့နည်းဟာ ကျွန်မတို့ရဲ့ မြေးမြစ်တွေကိုကူညီဖို့ ရေရှည်မှာ တခုတည်းသောနည်းလမ်းဖြစ်တယ်။ ဒါကြောင့်အခုသူတို့အတွက် ကျွန်မလုပ်နေတယ်လို့ ဆိုသည်။

**အောင်မြင်မှုတွေလား – ဒါပေမဲ့ရေကာတာတွေဟာ လူ့အဖွဲ့အစည်းတွေကို ခြိမ်းခြောက်နေဆဲဖြစ်သည်။**

ကြီးမားတဲ့အောင်မြင်မှုအတွက် မဟာဖွံ့ဖြိုးရေးစီမံကိန်းတွေ လုပ်စရာတွေအများကြီးကျန်ပါသေးတယ်။
ကမ္ဘာ့နိုင်ငံများကအစိုးရများသည်အကျိုးယုတ် စေမည့် ရေကာတာများကို ဆောက်လုပ်နေဆဲဖြစ်သည်။ လူအများအပြားသည် ရေကာတာနှင့် ရေလှောင်ကန်ကြောင့်အိုးအိမ်နှင့် မြေယာများ ဆုံးရှုံးရသည်။ သြဇာကြီးသည့် အစိုးရများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် ဖွံ့ဖြိုးရေးဘဏ်များသည် ရေကာတာများ ပိုဆောက်ရန် စီမံကိန်းကြီးများ ရှိနေကြသည်။

- ဆိုးကျိုးပေမည့်ရေကာတာများကို ဆန့်ကျင် တားဆီးရန် တို့အားစိုက်ကြရမည်။
- ပူးပေါင်းလုပ်ဆောင်ကြရမည်။ တဦးကိုတဦး အကူအညီပေးရမည်။ ရေကာတာဒဏ်ခံရသူတို့၏ အခွင့်အရေးကို ကာကွယ်ရန် အပြန်အလှန်လေ့လာကြရမည်။
- လူထုအားနှင့် ရေတာတာကို ဆန့်ကျင်လျှင် အစိုးရနှင့်ကုမ္ပဏီတို့အတွက် အခက်အခဲများကြုံကာ ပတ်ဝန်းကျင်ရှိ လူများထိခိုက်မှုမှ ကင်းပေမည်။

# ရေကာတာကို မည်သို့ဆန့်ကျင်မည်နည်း

ရေကာတာကိုဆန့်ကျင်ဖို့ ကိုယ့်အခွင့်အရေးအတွက် တိုက်ပွဲဝင်ဖို့သင်အများကြီးလုပ်နိုင်ပါသည်။ ပထမခြေလှမ်းအနေဖြင့် ရေကာတာနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် ကိုယ့်လူ့အဖွဲ့ အစည်းအပေါ်မည်သို့ အကျိုးသက်ရောက်နိုင်သည်စသည့် သတင်းအချက်အလက်များကို စုဆောင်းရပေလိမ့်မည်။ ကိုယ်ဘာလုပ်ချင်သလဲ၊ဘာလုပ်နိုင်တယ် ဆိုတာ စဉ်းစားအဖြေ ထုတ်ရမည်။ ပြီးရင်ကိုယ့်ရဲ့လှုပ်ရှားမှုက ကိုယ်လိုချင်သည့် ပန်းတိုင်ဆီတွန်းပို့သွားလိမ့်မည်။ ဒါကိုလှုပ်ရှားမှု ဟုခေါ်သည်။

သင်၏လှုပ်ရှားမှုစောစောစဖို့ အရေးကြီးပါသည်။ သတင်းအချက်ရယူခြင်း၊သတင်းအချက်အလက်ဖြန့်ဝေခြင်း၊ ကိုယ်အတိုင်းအဝိုင်းတွင်အခြားသူများအားစည်းရုံးခြင်း၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့များနှင့် ပူးတွဲလှုပ်ရှားမှုအပါအဝင်စသည့် လှုပ်ရှားမှုများသည် အရေးကြီးသည့်လှုပ်ရှားမှုတချို့ဖြစ်သည်။

အချို့တိုင်းပြည်များတွင် ရေကာတာဆန့်ကျင်လှုပ်ရှားသူများနှင့်၎င်းတို့၏မိသားစုဝင်များ ဘေးအန္တရာယ်နှင့်ကြုံတွေ့လာနိုင်သည်။ တခါတရံအစိုးရ၏ရေကာတာဆောက်လုပ်သည့်လုပ်ငန်းကို ဝေဖန်သည့်အခါ အန္တရာယ်ရှိလာနိုင်သည်။ ဒါကြောင့် နည်းဗျူဟာရေးဆွဲသည့်အခါ ကြုံတွေ့လာနိုင်သည့်ဘေးအန္တရာယ်ကိုလည်းထည့်တွက် ရပေလိမ့်မည်။

ဤအခန်းတွင် နည်းဗျူဟာကို မည်သို့ရေးဆွဲရမည်ကို အကြံပြုထားပါသည်။ ရေကာတာတည်ဆောက်မည့် အဆင့်တိုင်းတွင် သင်ရန်ပြုလုပ်နိုင်မည့်လှုပ်ရှားမှုများကိုအကြမ်းဖျင်းရေသားထားသည်။ နောက်ဆုံးတွင် ရေကာတာတည်ဆောက်ခြင်း၏ အဆင့် ၃ ဆင့်ကိုဖော်ပြထားပြီး အဆင့်တိုင်းတွင် ကိုယ်လုပ်ဆောင်နိုင်မည့် လုပ်ဆောင်မှုကိုဖော်ပြထားပေသည်။




မတ်လ ၁၄ ရက်နေ့သည် မြစ်၊ ရေနှင့်အသက်များအတွက် အပြည်ပြည်ဆိုင်ရာရေကာတာဆန့်ကျင်သည့် နေ့ဖြစ်သည်။ ကမ္ဘာပေါ်ရှိရာပေါင်းများစွာသောအဖွဲ့တို့သည် ရေကာတာဆန့်ကျင်ဆန္ဒပြခြင်း၊ အောင်ပွဲကျင်းပခြင်း၊ လူထုကိုပညာပေးခြင်းများပြုလုပ်သည်။။ မတ်လ ၁၄ ရက်နေ့တွင်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာရေကာတာ ဆန့်ကျင်ရေးနှင့်သင်၏လှုပ်ရှားမှုအကြောင်းကို ပိုပြီးအာရုံစိုက် လာပေလိမ့်မည်။

## ◆ လုပ်ရှားမှုအတွက် အစီအစဉ်ရေးဆွဲခြင်း။

### ၁။ အချက်အလက်စုဆောင်းပါ။

ရေကာတာသည် ကိုယ်လူ့အဖွဲ့အစည်းနှင့် မြစ်ကို မည်သို့ထိခိုက်နိုင်သည်ကိုနားလည်ဖို့ အရေးကြီးပေသည်။ ကွင်းဆင်းလေ့လာခြင်းဖြင့် ဒေသခံအဖွဲ့ဝင်များမှအချက်အလက်များကို စုဆောင်းနိုင်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ တက္ကသိုလ် သုတေသနမှူးများနှင့် အခြားသူများက သင့်ကို အကူညီပေးနိုင်သည်။ စဉ်းစားနိုင်ဖို့အချို့မေးခွန်းများကို ဖော်ပြထားသည်။

- ရေကာတာနှင့် ၎င်း၏ရေကြောင့် မည်သည့်ရွာနှင့်မည်သည့်မြေထိခိုက်သွားသနည်း။
- လူဘယ်နှစ်ယောက်ပြောင်းရွှေ့ခံရသနည်း။
- လူဘယ်နှစ်ယောက် ငါးဖမ်းရေိယာနှင့်လယ်မြေဆုံးရှုံးသနည်း။
- ဆုံးရသည့်မြေ၊ သီးနှံ၊ အိမ်နှင့် ငါးတန်ဘိုးမည်မျှရှိသနည်း။
- မည်မျှလျော်ကြေးပြန်လည်ရရှိသနည်း။
- ရေကာတာကို မည်သူတည်ဆောက်သနည်း။ (အစိုးရ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီများဖြစ်ပါသလား။)
- ရေကာတာတည်ဆောက်ရန် မည်သူကငွေထုတ်ပေးသနည်း။

### ၂။ သင်၏ရည်မှန်းချက်ပန်းတိုင်ကဘာလဲ။

လှုပ်ရှားမှုအတွက်နောက်ခြေလှမ်းဟာကိုယ်၏ ရည်မှန်းချက်ကိုချမှတ်ပြီး ၎င်းရည်မှန်းချက် အောင်မြင်ဖို့အတွက် နည်းဗျူဟာရေးဆွဲရန်ဖြစ် သည်။ ဒီအကြောင်းကိုစဉ်း စားနိုင်ဖို့ အောက် ဖေါ်ပြပါ မေးခွန်းအချို့ကိုဖော်ပြထားသည်။




- သင်ဘာကို အောင်မြင်ချင်သလဲ။
- ရေကာတာကို ရပ်သွားစေချင်သလား။
- လျော်ကြေးများများလိုချင်သလား။
- သင့်လူ့အဖွဲ့အစည်းကို ထိခိုက်မည့် ရေကာတာနှင့်ပတ်သက်ပြီး ဆုံးဖြတ်သည့်ကိစ္စမှာ သင်ပါဝင်ချင်သလား။

သင်၏ပန်းတိုင်အကြောင်းကို သင်၏အတိုင်းအဝိုင်းနှင့် အသေအချာ ဆွေးနွေးပါ။ သင်၏ပန်းတိုသည် တောင်းဆို ချက် သို့မဟုတ် လှုပ်ရှားမှုအဖြစ်သို့ ပြောင်းလဲသွားပေလိမ့်မည်။ ဥပမာ –"ဥက္ကါဝှာန်ရေကာတာ ရပ်ပါ" ဥက္ကါဝှာန်ကို လူ့အဖွဲ့အစည်း အတွက် ပိုမိုလျော်ကြေးပေးပါ။

### ၃။ မည်သူကမဟာမိတ်ဖြစ်ပြီး မည်သူကရန်သူဖြစ်သနည်း။

မဟာမိတ်တည်ဆောက်ရေးသည် အရေးကြီးသည့်လှုပ်ရှားနည်းမှုဗျူဟာတခုဖြစ်သည်။ ကိုယ့်လှုပ်ရှားမှုကိုမည်သူက ကူညီနိုင်မည်ကိုစဉ်စားပါ။သင်၏အောင်မြင်မှုသည်သင်၏အတိုင်းအဝိုင်းရှိလူများ သာမန်ပြည်သူလူထုများနှင့်အခြားအဖွဲ့များ၏ ထောက်ခံမပေါ်တွင် မူတည်နေပေသည်။

ကိုယ့်ကိုဆန့်ကျင်မည့်သူကိုစဉ်းစားပါ။ ကိုယ့်ကိုဆန့်ကျင်မည့်သူ၏အားနည်းချက်၊အားသာချက်များကိုရှာပါ။ သူတို့သင်ကို ဘာတွေဆန့်ကျင်လာနိုင်မလဲဆိုတာစဉ်စားပါ။ ကိုယ့်ကိုဆန့်ကျင်မည့်သူများသည် ကိုယ့်အတိုင်းအဝိုင်းမဟုတ်သည့်သူများ၊ အစိုးရ အရာရှိများ၊ ရေကာတာတည်ဆောက်မည့်သူများနှင့် ရေကာတာအတွက်ငွေကြေးထုတ်ပေးမည့်သူများပါဝင်သည်။

## ၄။ ကိုယ်၏အဓိကပစ်မှတ်က မည်သူဖြစ်သနည်း။

ကိုယ်လိုချင်တာကို ပေးနိုင်သည့်လူကို စဉ်းစားပါ။ ရေကာတာကိုမည်သူကအဆုံးအဖြတ်ပေးနေသလဲ။ အစိုးရဖြစ်နိုင်သလို ရေကာတာတည်ဆောက်သည့် ကုမ္ပဏီလည်းဖြစ်နိုင်တယ်။ ဒါမှမဟုတ်ဖွံ့ဖြိုးရေးဘဏ်လို ငွေကြေးအဖွဲ့အစည်းလည်းဖြစ်နိုင်ပါတယ်။ ဒါဟာပစ်မှတ်လို့ခေါ်တယ်။ သြဇာလွှမ်းမိုးဖို့ အလွယ်ကူဆုံးပစ်မှတ်က ဘယ်အရာလဲ။ တကယ်လို့ကိုယ့်အစိုးရကို သြဇာလွှမ်းမိုးဖို့မလွယ်ကူဘူးဆိုလို့ရှိရင်ဆောက်လုပ်တဲ့ ငွေကြေးအဖွဲ့အစည်းတွေကပိုမိုလွယ်ကူပေလိမ့်မည်။

## ၅။ သင့်ပစ်မှတ်၏ စိတ်ကိုပြောင်းသွားအောင်မည်သည့် နည်းဗျူဟာများသုံးမည်နည်း။



သင်ပစ်မှတ်ပေးထားသည့်လူ စိတ်ပြောင်းပြီး သင်၏လှုပ်ရှားမှုလိုဖြောင်းဖြမည်နည်း။ အစီရင်ခံစာထုတ်လျှင် သူတို့စိတ်ပြောင်းမည်လော။ ပါလီမန်မှာလှုပ်ရှားရင် ပိုထိရောက်မည်လော။ များသောအားဖြင့် အောင်မြင်ဆုံးသောလှုပ်ရှားမှုသည် လှုပ်ရှားမှုများပေါင်းပြီးပြုလုပ်သော လုပ်ရှားမှုဖြစ်သည်။ လှုပ်ရှားမှုများအတွက် အချိန်ဇယားသတ်မှတ်ပါ။ လှုပ်ရှားမှုတိုင်းမှာဘယ်သူတာဝန်ရှိသလဲဆိုတာလူတိုင်းနားလည်အောင် အသေအချာရှင်းပြပါ။ ဒါဟာလှုပ်ရှား မှုရဲ့နည်းဗျူဟာ ဖြစ်တယ်။

## ၆။ သင်၏လှုပ်ရှားမှုအတွက် ဘာရံပုံငွေလိုအပ်သလဲ။

စည်းရုံးခြင်း၊ ချီတက်ဆန္ဒပြခြင်း၊ ကွန်ဗျူတာနှင့်အင်တာနက်ရယူခြင်း၊ တယ်လီဖုန်းနှင့် ပုံနှိပ်ခြင်း စသည့်လှုပ်ရှားမှုတိုင်းကို အထောက်ကူပြုရန်အရင်းအမြစ်လိုအပ်သည်။ အဖွဲ့အစည်းအတော်များများသည် သူတို့အဖွဲ့ဝင်များ၏အလှူငွေပေါ်တွင်ရပ်တည်လာကြသည်။ ဖောင်တေးရှင်း၊ အလှူရှင်အဖွဲ့အစည်းများနှင့် ကိုယ့်နိုင်ငံမှ အခြားသူများသည်ငွေလှူသူများ ဖြစ်သည်။ အကယ်၍ငွေရှာဖို့လိုအပ်လာရင်ကိုယ့်နိုင်ငံရှိ အကြီးစား NGOs ထံ ကျိုးစားဆက်သွယ်ပါ။ ငွေရှာဖို့နည်းလမ်းများကို သူတို့ပေးနိုင်လိမ့်မည်။




*ကိုယ်ရဲ့လုပ်ငန်းအစီအစဉ်ကို အားလုံးနားလည်နိုင်အောင် ဒေသခံအဖွဲ့စည်းများနှင့် ဆွေးနွေးပါ။*

## ◆ ရေကာတာဆန့်ကျင်သည့် အရေးကြီးသည့်နည်းဗျူဟာများ။

အချို့နည်းဗျူဟာများသည် ရေကာတာတည်ဆောက်သည့် အဆင့်တိုင်းတွင်ထိရောက်သည်။ အောက်ဖော်ပြပါ လုပ်ဆောင်မှုများသည် သင်၏လှုပ်ရှားမှုတွင် အသုံးပြုနိုင်ပါသည်။




### စည်းရုံးပါလှုံ့ဆော်ပါ။

ကိုယ့်လှုပ်ရှားမှုအကြောင်းကို လူတွေထောက်ခံလာအောင် လူထုကိုစည်းရုံးလှုံ့ဆော်ပါ။ ကိုယ့်ရဲ့အောင်မြင်မှုဟာ လူတွေကိုမည်မျှစုစည်းနိုင်သည့်အပေါ်မှာ မူတည်နေပေသည်။ အစိုးရနှင့်ရေကာတာတည် ဆောက်သူတွေက ကိုယ်အဖွဲ့ဝင်အချင်းချင်းပြဿနာ ဖြစ်အောင်ဖန်းတီးလေ့ရှိသည်။ ကိုယ့်အဖွဲ့ဝင်အတွင်း ကိုယ့်အသိုင်းအဝိုင်းကို ညီညွတ်အောင် တည်ဆောက်ထားနိုင်လျှင် ရေကာတာဆောက်လုပ်သူတွေက သင်တို့ကိုကွဲအောင်မလုပ်နိုင်ပါ။

လူတွေကို စုစည်းသည့်နည်းတနည်းက အဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။ အခြားအဖွဲ့အစည်းများနှင့် အဆက်အသွယ်လုပ်ပြီး ကွန်ယက်လုပ်နိုင်သည်။ အစည်းအဝေးလုပ်ဆောင်ခြင်းသည် လှုပ်ရှားမှုလုပ်ဆောင်ရန်အတွက် လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းဖြစ်သည်။ အခြား NGOs၊ သုတေသနပြုသူ၊ ရှေ့နေ၊ အတတ်ပညာရှင်များနှင့် မိတ်ဖွဲ့ရန်လိုသည်။

ကိုယ်၏လှုပ်ရှားမှုအကြောင်းကို လူများပိုမိုသိရှိနိုင်ဖို့အတွက် ချီတက်ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ ဝိုင်းဝန်းပိတ်ဆို့ခြင်း စသည်တို့ကို ပြုလုပ်ရပေလိမ့်မည်။ အကယ်၍ ရေကာတာဆောက်လုပ်သည့် အဖွဲ့အစည်းတို့က ရေကာတာနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချသည့်အချိန်မှာ ဒီလှုပ်ရှားမှုသည် များသောအားဖြင့် အောင်မြင်တာကို တွေ့ရပေလိမ့်မည်။ ရပ်ကွက်ထဲမှာလူထုအစည်းဝေးကျင်းပပါ။

### သတင်းအချက်အလက်ဖြန့်ဝေပါ

ရေကာတာနှင့်၎င်း၏အကျိုးသက်ရောက်မှုများကိုလူထုအာရုံစိုက်လာရန်အတွက် လက်ကမ်းစာစောင်၊ ပိုစ်စတာ၊ အစီရင်ခံစာစသည်များကို ပြုလုပ်ပါ၊ ၎င်းပစ္စည်းများကိုရေကာတာဘေးဒဏ်ခံနေရသည့်လူများ၊ သာမန်ပြည်သူများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများ၊ သဘာဝပတ်ဝန်းကျင်အခွင့်အရေး လှုပ်ရှားသူများနှင့် အစိုးရ အရာရှိများကို ဖြန့်ဝေပေးသင့်သည်။ ဒီနည်းဟာ ကိုယ်ရဲ့တောင်းဆိုချက်ကိုဖော်ထုတ်ဖို့အကောင်းဆုံးနည်းလမ်းဖြစ်သည်။



## သတင်းမီဒီယာအဖွဲ့အစည်းများနှင့် အလုပ်လုပ်ပါ။



ကိုယ်ပေးချင်သည့် သတင်းအချက်အလက်များကို ရေဒီယို၊ သတင်းစာနှင့်တီဗွီကိုအသုံးပြုပြီး ဖြန့်ဖြူးပါ။ ဒါဟာကိုယ့်ရဲ့တောင်းဆိုချက်များကို နားထောင်ဖို့ အစိုးရကိုဖိအားပေးဖို့ အကူအညီပေး ပါလိမ့်မည်။ သတင်းသမားများ နှင့်တွေ့ဆုံပြီး ဒီအကြောင်းနှင့် ဆင်တူသည့်အတိတ်က ဖြစ်ခဲ့သည့် အကြောင်းအရာများနှင့် ကိုယ်အကြောင်းကို ပြောပြပါ။ သတင်းစာရှင်းလင်းပွဲပြုလုပ်ပါ။ ကိုယ့်လှုပ်ရှားသည့် နေရာသို့ သတင်းသမားများကိုဖိတ်ပါ။ ကိုယ်၏လှုပ်ရှားမှုအကြောင်းကို သတင်းသမားဆီ မှန်မှန်အကြောင်းကြားပါ၊ ကိုယ်၏ သတင်းဘယ်လိုဖြန့်ဖြူးမည်ကို အခြား **NGOs**၊ အခြားအဖွဲ့အစည်းတွေဆီ အကူအညီ တောင်းပါ။

## အစိုးရနှင့် ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းကို စည်းရုံးလှုံ့ဆော်မှုပြုလုပ်ပါ။

ကိုယ်ရဲ့စိုးရိမ်မှုတွေကိုအစိုးရနှင့် ငွေကြေးထောက်ပံ့သည့်အဖွဲ့ အစည်းကိုပြောပြပါ။ ဒေသန္တရအစိုးရအရာရှိများ၊ ပါလီမာန်အဖွဲ့ဝင်များ၊ ကွန်ကရက်အဖွဲ့ဝင်များကို နားဝင်အောင်ရှင်းပြပါ။ ကိုယ်အစိုးရနှင့်ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းကို ပစ်မှတ်ထား ပြီး လက်မှတ်ထိုးလှုပ်ရှားမှုများ ပြုလုပ်ပါ၊ အကယ်၍ ရေကာတာသည် ပုဂ္ဂလိက သို့မဟုတ် အပြည်ပြည်ဆိုင်ရာဘဏ်ကနေ ငွေကြေးရရှိခဲ့လျှင် ၄င်းအဖွဲ့အစည်း များကို ပစ်မှတ်ထား ဖို့အတွက် အပြည်ပြည်ဆိုင်ရာ **NGOs** များနှင့် လက်တွဲ အလုပ်လုပ်ပါ။

## ဥပဒေကြောင်းအရ တရားစွဲပါ။

ရေကာတာကို ရပ်တန့်အောင်လုပ်သည်ဖြစ်စေ၊ လျော်ကြေးပိုရရှိအောင်လုပ်သည်ဖြစ်စေ တခါတရံ ဥပဒေ ကြောင်းအရ တရားစွဲနိုင်သည်။ ရေကာတာဆောက်လုပ်သူများ မည်သည့်နေရာမှာ ဥပဒေချိုးဖောက်တာကို ဥပဒေပညာရှင်များနှင့် ပူးပေါင်းပြီးရှာပါ။ ဥပဒေပညာရှင်အဖွဲ့ကြီး တော်တော်များများသည် အခကြေးငွေမယူဘဲ စေတနာနှင့် လုပ်ပေးနိုင်သည်။

## အခြားဖြစ်နိုင်ခြေရှိသည့်အစီအစဉ်ကို အဆိုပြုပါ။

အခြားဖြစ်နိုင်ခြေရှိသည့်အစီအစဉ်ကို အဆိုပြုနိုင်ဖို့အတွက် အတတ်သိပညာရှင်များကို အကူအညီတောင်းပါ၊ (*အခန်း ၅ တွင် ဆက်လက်ဖော်ပြထားပါသည်။*)

## ရေကာတာတခုကို ရပ်တန့်ရန်အတွက် ဘရာဇီးလ်နိုင်ငံသားများ စည်းရုံးလုပ်ဆောင်ခြင်း။




၁၉၉၀ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ မီနတ်ဂျီရာစ် (Minas Gerais) ပြည်နယ်ရှိ ပီရာမ်ဂါ (Piranga) မြစ်တွင် ဩဇာရှိသည့် နိုင်ငံခြားကုမ္ပဏီတခုက ရေကာတာတခု တည်ဆောက်လိုသည်။ ၎င်းရေကာတာသည် လယ်ယာမိသားစု (၁၃၃) စု ပြောင်း ရွှေ့ခံရပြီးငါးဖမ်းလုပ်ငန်းပျက်စီးသွားသည်။ ရေလမ်းကြောင်း ပြောင်းလဲသွားသဖြင့် ရေကာတာအောက်ပိုင်းရှိ ထောင်ပေါင်းများစွာရှိနေသော လူများကိုထိခိုက်နိုင်သည်။

ဒေသခံများ NGOs များ၊ တက္ကသိုလ်သုတေသနမှူးများ၊ ဘာသာရေးအဖွဲ့အစည်းများ မဟာမိတ်ဖွဲ့ပြီး ရေကာတာကို ဆန့်ကျင်ကြသည်။ ရေကာတာကြောင့် သူတို့၏ဘဝကို မည်သို့အကျိုးသက်ရောက်နိုင်သည်ကို စုပေါင်းအဖြေရှာကြသည်။ သူတို့သည် ကုမ္ပဏီ၏လေ့လာချက်တွေကို လေ့လာပြီး ပြဿနာအများအပြားကို တွေ့ရှိသည်။ သူတို့တွေ့ရှိချက်များကို ရေကာတာကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မည်ကို စိုးရိမ်နေသည့် အစိုးရအဖွဲ့အစည်းများသို့မျှဝေသည်။

NGOs များနှင့် သုတေသနပြုစုသူများက ရေကာတာနှင့်ပတ်သက်ပြီး သူတို့လေ့လာတွေ့ရှိချက်များကို လူထုနားလည် အောင်ရှင်းပြသည်။ ရေကာတာဆောက်လုပ်သူတို့၏တရားဝင်တွေ့ရှိချက်နှင့် သူတို့၏ကိုယ်တိုင်အမြင်များနှင့် နှိုင်းယှဉ်ဖို့ အတွက် လယ်သမားများအား အကူအညီပေးသည်။

ဒီအကြောင်းကို နားလည်ဖို့ လူထုအစည်းအဝေးကို အသေအချာစီမံကျင်းပသည်။ အစည်းအဝေးတွင် ပီရာမ်ဂါ (Piranga) မြစ်တွင် ခလေးသူငယ်များ ကဗျာရွတ်ဆိုခြင်း၊ ဒေသခံများက "ကုမ္ပဏီထွက်သွား" ဆိုင်းသည့် ဆိုင်းဘုတ်များ ထောင်ခြင်း၊ ဒေသခံခေါင်းဆောင်များက သူတို့၏စိုးရိမ်ချက်များကို ဖော်ထုတ်ခြင်းများပြုလုပ်သည်။ ဒေသခံများ၏ဖိအား များ၊ သဘာဝပတ်ဝန်းကျင် လှုပ်ရှားသူလေ့လာ တွေ့ရှိချက်များ ၏ဝေဖန်ချက်များ၊ အစိုးရအရာရှိများ၏ စိုးရိမ်ချက်များ သည် ရေကာတာလုပ်ငန်း ရပ်တန့်ရန် ကုမ္ပဏီများကိုဖိအားပေးသည့် အချက်များ ဖြစ်သည်။
နောင်နှစ်အနည်းအငယ်တွင် ကုမ္ပဏီတခုက ရေကာတာအသစ်တည်ဆောက်လိုသဖြင့် လူထုကရေကာတာ တိုင်းထွာသည့် နေရာများမှာ သိမ်းယူလိုက်ပြီး "လက်မခံဘူး"ဟု ပြောသည်။ (၄၃) ရက်ကြာသည့်အခါ ၎င်းတို့၏ပညာရှင်များ ဤနေရာမှ ထွက်ခွာသွားသည်။ ဒေသခံများသည် လိုအပ်ပါက ရေကာတာကို ဆန့်ကျင်ဖို့ ပြင်ဆင်ကြသည်။

## ထိုင်းရွာသားများ၏သုတေသနပြုချက်များ




လွန်ခဲ့သည့်နှစ်အနည်းငယ်က ထိုင်းမြန်မာနယ်စပ်ရှိ သံလွင်မြစ် တလျှောက်တွင် နေထိုင်သည့်လူများက အစိုးရ၏ ရေကာတာဆောက်လုပ်ရေးအစီအစဉ်ကို ဆန့်ကျင် တိုက်ပွဲဝင်ကြသည်။ ဒေသခံများက မြစ်ကိုမည်သို့အသုံး ပြုနေသည်ကို သိရှိနိုင်ဖို့ကွင်းဆင်း လေ့လာရန်ဆုံးဖြတ်ကြသည်။
ကျေးရွာ ၅၀ မှ ကရင်တိုင်းရင်းသားလူမျိုးများသည် ငါးဖမ်းလုပ်ငန်း၊ ရိုးရာငါးဖမ်းလုပ်ငန်းများ၊ ဆေးဘက်ဝင် သစ်ပင်များ၊ဟင်းသီး၊ဟင်းရွက်များနှင့် အခြားသဘာဝ အရင်းမြစ်များ နှင့်ပတ်သက်သော အချက်လက်များကို အချိန်နှစ်နှစ်ခွဲကြာ စုဆောင်းခဲ့ကြသည်။ NGOs ဝန်ထမ်းများ၊ စေတနာဝန် ထမ်းများက အချက်အလက်ပြုစု ရေးနှင့် အစီရင်ခံစာရေးသားနည်းကို အကူအညီပေးသည်။
သို့သော် ကွင်းဆင်းလေ့လာမှုကို ဒေသခံများက အဓိက လုပ်ကြသည်။ မြစ်တလျှောက်ရှိ ငါးများ၊ ဆေးဘက်ဝင် အပင်များ၊ အခြားအသုံးဝင်သည့်အပင်များသည် သူတို့မှီခိုနေသည့်အစာဖြစ်သည်ကို ရွာသားများ သိရှိလာသည်။ မြစ်သည် သူတို့ဘဝအတွက် ရွာသားများက သူတို့၏လေ့လာတွေ့ရှိချက်တွေကို သက်သေအဖြစ် အသုံးပြုသည်။

**ကိုယ့်ဘာသာ ဘယ်လို သုတေသနပြုလုပ်မလဲ။**

**အဆင့် ၁။** ဤလုပ်ငန်းတွင် စိတ်ပါဝင်စားသည့်လူအားလုံးနှင့် အစည်းအဝေးပြုလုပ်ပါ။ ရေကာတာ၏ဒဏ်ခံရသည့် ရွာများမှ လူများများပါဝင်နိုင်အောင် ဖိတ်ခေါ်ပါ။ ကိုယ့်ဘဝအတွက် မြစ်အပေါ်တွင် ဘယ်လိုမှီတည်နေ တယ်ဆိုတာ ပြောဆိုပြီး ဘာသုတေသနလုပ်ချင်တာကို ဆုံးဖြတ်ပါ။

**အဆင့် ၂။** သုတေသနလုပ်ရန်အတွက် အဖွဲ့များဖွဲ့ပါ။ အဖွဲ့တိုင်းတွင် ဒေသ ကျွမ်းကျင်သူများပါဝင်ထည့်သွင်းသင့်သည်။ ဥပမာ–ငါးနှင့်ပတ်သက်သည့်သုတေသနလုပ်ငန်းတွင်ပါဝင်ရန်လိုအပ်သလို၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများကလည်း မြစ်ကမ်းတလျှောက်ရှိ ခြံများကို သုတေသနလုပ်သင့်သည်။

**အဆင့် ၃။** သုတေသနပြုလုပ်ရန်မည်သည့်နည်းနာများ အသုံးပြုမည်ကို ဆုံးဖြတ်ပါ။ အောက်တွင် အကြံဉာဏ်အချို့ပေး ထားသည်။ ငါးလုပ်ငန်း၊ မြစ်ကို ဇုန်အလိုက် ပိုင်းခြားပြီး ဇုန်တိုင်းတွင် သုတေသနပြုဖို့အဖွဲ့ဖွဲ့ပေးပါ၊ ငါးတွေဖမ်းမိတိုင်း ငါးအမျိုးစားကိုစုဆောင်းပါ။ ငါးအမျိုးစားများကို ဒေသအခေါ်အဝေါ်အလိုက် စုဆောင်း နိုင်ဖို့အတွက် အစည်းအဝေးလုပ်ပါ။ ငါးတွေ၏နေထိုင်ကျက်စားပုံ၊ငါးအရွယ်အစား၊ အလေးချိန် စသည့် အကြောင်းကို ဆွေးနွေးပါ။ အကယ်၍သင့်မှာ ကင်မရာရှိလျှင် ဖမ်းမိသည့် ငါးအမျိုးစားတိုင်းကို ဓါတ်ပုံရိုက်ပါ၊ ဓါတ်ပုံကို စာအုပ်တွင် ကပ်ထားပြီး ၄င်းငါးနှင့် ပတ်သက်သည့်အချက်အလက် အားလုံးကို ဓါတ်ပုံအောက် တွင် ရေးထားပါ။ မြစ်ကမ်းပါးရှိ ဥယျဉ်များ။ မြစ်ကိုဒေသဇုန်အလိုက် ပိုင်းခြားပြီး ဇုန်တိုင်းတွင်ရှိသည့် ခြံများကို တိုင်းထွာပါ၊ ခြံကိုမည်သူပိုင်၊ ဘာတွေစိုက်ပျိုးပြီး ဟင်းသီးဟင်းရွက်တွေကို မည်သို့ရောင်းချအသုံး သည် (သို့မဟုတ်) အစားစာအတွက် (ပုံ) စသည်တို့ကို ရေးမှတ်ရပါမည်။ အကယ်၍ရောင်းချပါက ငွေမည်မျှရသည်ကို ရေးမှတ်ပါ။

**အဆင့် ၄။** တွေ့ရှိချက်များကို မှတ်တမ်းတင်ပါ။ ၄င်းကိုအသုံးချပြီး ဒီအကြောင်းအဆုံးဖြတ်ပေးသူအပေါ် မည်သို့မည်ပုံလွှမ်းမိုး ရမလဲဆိုတာ ဆုံးဖြတ်ပါ။

## ◆ ရေကာတာဆောက်သည့်အဆင့်တိုင်းတွင် သင်ဘာလုပ်နိုင်သနည်း။

ရေကာတာဆောက်သည့်အဆင့် ၃ ဆင့်စလုံးမှာ အတိအကျ သင်ဘာတွေလုပ်နိုင်သလဲဆိုတာ ဤအခန်းတွင် ဖေါ်ပြထားပါသည်၊ အဒီအဆင့် ၃ ဆင့်မှ ရေကာတာမတည်ဆောက်မီ ပြင်ဆင်ရေးကာလ၊တည်ဆောက်ဆဲကာလ နှင့် တည်ဆောက်ပြီး လည်ပတ်ရေးကာလတို့ဖြစ်သည်။

### အခန်း ၁။ ပြင်ဆင်ရေးကာလသည်

၂ နှစ်မှ ၂၀ နှစ်အထိ သို့မဟုတ် ဒီအထက်ပို ကြာနိုင်သည်။



ကွင်းဆင်းလေ့လာသူများ၊ ရေအတက်အကျမှတ်သားသူတို့ကိုတွေ့ ရှိပါက
ရေကာတာဆောက်ရန် ရှေ့ပြေးနိမိတ်ဖြစ်သည်။

### ဒီအဆင့်မှာ ဘာတွေဖြစ် လာနိုင်သနည်း

ရေကာတာကိုမတည်ဆောက်ခင် ရေကာတာဆောက် လုပ်သူများသည် ရေကာတာကိုဆောက်၍ ရနိုင်မရနိုင်ဆိုသည်ကို လေ့လာမှုမြောက်များစွာ ပြုလုပ်ရပါသည်။ ရေကာတာ၏အကျိုးသက်ရောက်မှု မည်မျှရှိသည်ကိုလည်း သူတို့သိချင်သည်။ များသောအားဖြင့်ဤလေ့လာမှုကို နိုင်ငံခြားကုမ္ပဏီများက ပြုလုပ်သည်။

**၁။ လက်တွေ့ဖြစ်နိုင်သည့်အခြေအနေအပေါ် လေ့လာမှုများ။**

ဤလေ့လာမှုသည်ရေကာတာတည်ဆောက်နိုင်မနိုင်၊ လည်ပတ်နိုင် မနိုင်ဆိုတာ သေချာအောင်အတွက် ပြုလုပ်သည်၊ နေရာသည် ရေကာတာတည်ဆောက်အတွက် သင့်တော် မသင့်တော်၊ ရေနှင့်လျှပ်စစ်မည်မျှ ထုတ်လုပ်နိုင်ပြီး မည်မျှကုန်ကျမည်ကို လေ့လာသည်။

**၂။ ဒီဇိုင်းရေးဆွဲဖို့ လေ့လာမှုများ၊**

ဤလေ့လာမှုသည် ရာသီဥတု၊ ပထဝီအနေအထား၊ မြစ်ထဲရှိရေထုထည်ပမာဏ၊ စသည့် ရေကာတာတည်ဆောက်ရန်အတွက် လိုအပ်သောအချက်အလက်များရှာဖွေသည်။ အကယ်၍ ဧရိယာကို တိုင်းထွားသည့်နေရာမှာဖြစ်ဖြစ်၊ မြေကြီးကိုတူးသည့်နေရာမှာဖြစ်ဖြစ် သင်အထူအဆန်းတွေ့လျှင် ဤလေ့လာမှုကို သူတို့လုပ်လိမ့်မည်။

**၃။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့်ပတ်သက်သည့်လေ့လာမှုများ။**

ဤလေ့လာမှုသည် ရေကာတာကြောင့် ထိခိုက် ပျက်စီးမည့် သဘာဝပတ်ဝန်းကျင်အနေအထားကို လေ့လာသည်၊ ရေကာတာကြောင့် ဖြစ်ပေါ်လာမည့်သဘာဝပတ်ဝန်းကျင်ပြဿနာများကို လေ့လာသည်။ ဤလေ့လာမှုသည် ရေကာတာကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးများ နည်းအောင်ပြုလုပ်ပေးသည်ဟုဆိုသည်။

**၄။ ပြန်လည်နေရာချထားရေးအစီအစဉ်။**

ဤအစီစဉ်သည် ရေကာတာအနီးအနားတွင် နေထိုင်သူများအတွက် ပြန်လည်နေရာချထားသည့်အစီအစဉ်များပါဝင်သည်၊ ၎င်းသည် ရေကာတာကြောင့်ထိခိုက်သူများကိုလျော်ကြေးပေးသည့် အစီအစဉ်လည်းပါဝင်ပေသည်။ ရေကာတာ၏အကျိုးသက်ရောက်မှုကို ခံနေရသူများ ရေကာတာ အောက်လက်ပိုင်းတွင် နေထိုင်သောသူများ၊ များသောအားဖြင့် ဤအစီအစဉ်တွင် မပါဝင်ပါလေ့လာမှုများ ပြုလုပ်ပြီးသည့်အခါရေကာတာဆောက်လုပ်သူများသည် ဆောက်လုပ်ငွေရရန်အတွက် အစိုးဘဏ်များနှင့်တွေ့ဆုံသည်။

## ဒီအဆင့်မှာ ဘာတွေလုပ်နိုင်သလဲ။

အကယ်၍ ရေကာတာသည် သင်၏လူ့အဖွဲ့စည်းကို ထိခိုက်စေပြီး ၄င်းစီမံကိန်းကို ရပ်တန့်လိုပါက ဤအဆင့်သည် အကောင်းဆုံးဖြစ်သည်။ ဒေသန္တရ ဥပဒေတွင် ကိုယ်ရဲ့အခွင့်အရေးဘာတွေရှိသည်ကို လေ့လာပါ။ ဤရေကာတာသည် မည်သူ့အကျိုးရှိပြီး မည်သူအကျိုးယုတ်သည်ကို အချေတင် ဆွေးနွေးနိုင်ရန်အတွက် လူအများနားထောင်နိုင်သည့် အစည်းဝေးတခုကိုပြုလုပ်ပေးဖို့အစိုးရကိုတောင်းဆိုပါ။ ရေကာတာကို ရပ်တန့်ဖို့အတွက် ဥပဒေလမ်းကြောင်းအရ လုပ်ဆောင်ပါ။ ရေကာတာ အပြင် အခြားပိုမိုကောင်းမွန်သည့်နည်းလမ်းများနှင့် လျော်ကြေးများပိုမိုရရှိရန်အတွက် ပညာရှင်များနှင့် လက်တွဲလုပ်ကိုင်ပြီး ၄င်းကို လူထုသို့ထုတ်ဝေပါ။ သင်၏လှုပ်ရှားမှုကရေကာတာကိုရပ်တန့်သွားအောင်လုပ်နိုင်သည့်တိုင် အစိုးရကပြန်ဆောက်ဖို့တန်ပြန်စာချုပ်ဖြင့် ကစားပေလိမ့်မည်။ ရေရှည်လှုပ်ရှားမှုအတွက် ခိုင်မာသည့်မဟာမိတ်ဖွဲ့ဖို့အရေးကြီးပေလိမ့်မည်။

### ရေကာတာကို လေ့လာတွေ့ရှိချက်တွေကို ပြန်လည်သုံးသပ်ပါ။

ရေကာတာတည်ဆောက်ရေးအတွက် လေ့လာတွေ့ရှိချက်တွေကို လူထုဆီဖြန့်ဝေဖို့ တောင်းဆိုပါ။ အကယ်၍ ဤလေ့လာချက်တွေကို မိတ္တူရပါက ပညာရှင်ကိုရှာပြီး ၄င်းကိုသုံးသပ်ပေးဖို့အကူအညီတောင်းပြီး ၄င်းကို လူထုသို့ထုတ်ပြန်ပါ။ ပညာရှင်များအစုက အခမဲ့လုပ်ပေးပါလိမ့်မည်။ ပညာရှင်များက လေ့လာမှု စာတမ်းအပေါ် ပြန်လည်သုံး သပ်ခြင်းအားဖြင့် ပြဿနာကို သိမြင်လာပြီး အကယ်၍ရေကာတာကို တည်ဆောက်ဖြစ်ပါက ဖြစ်ပေါ်လာနိုင်မည့်အမှားယွင်းများကိုလည်း ကြိုတင်ဟောကိန်းထုတ်နိုင်သည်။

### ကိုယ်ပိုင်လေ့မှုလုပ်ပါ

လူထုက မြစ်အပေါ်မည်သို့မှီတည်နေသည်ကို လေ့လာမှုမပြုလုပ်ပဲ မှားသောအားဖြင့် ရေကာတာကို တည်ဆောက်လေ့ရှိသည်။ အကယ်၍ ရေကာတာတည်ဆောက်ပါက ဘာတွေဆုံးရှုံးပျက်စီးသွားသည်ကို မှတ်တမ်း မှတ်ရာများ အတိအကျမရှိသည့်အတွက် လူများက လျော်ကြေးအပြည့်အဝရရှိရန် နည်းသည်။ ထို့ကြောင့် လူများ မြစ်အပေါ် မည်သို့အမှီပြုနေတာဆိုတာ မှတ်တမ်းအတိအကျ ပြုလုပ်ရန်အလွန်အရေးကြီးပေသည်။ ကွင်းဆင်းလေ့လာမှုသည် ရေကာတာကြောင့် ထိခိုက်ပျက်စီးမှုများကို မီးမောင်း ထိုးပြသည်။ ထိုင်းရွာသား များသည် “ထိုင်းရွာသားများ၏ သုတေသနပြုချက်”ဟုခေါ်သော သုတေသနလုပ်ဆောင်မှုကို သုတေသနပြု နည်းလမ်းအဖြစ် ပြောင်းလဲရန်ပြုလုပ်နိုင်သည်။

### ငွေကြေးထောက်ပံ့သည့်အဖွဲ့အစည်းကို ပစ်မှတ်ထားပါ၊

ရေကာတာတည်ဆောက်ရန် မည်သူငွေကြေးထုတ်ပေးသည်ကို ရှာဖွေပါ။ အကယ်၍ ငွေကြေးထောက်ပံ့သည့် အဖွဲ့အစည်းက အခြားနိုင်ငံတခုမှ ဖြစ်ခဲ့သော် အဲဒီနိုင်ငံမှာရှိသည် **NGOs** အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ကိုယ်၏လှုပ်ရှားမှုကို ထောက်ခံဖို့သူတို့ကိုတောင်းဆိုပါ။ ဤလမ်းညွှန်၏အဆုံးတွင် ဆက်သွယ်လိပ်စာ စာရင်းကိုကြည့်ပါ။

### တရားဝင်သဘောတူညီချက် တောင်းပါ။

အကယ်၍ သဘောတူညီချက်တွေကို လက်မှတ်ထိုးဖို့ ဆုံးဖြတ်ပါက သူတို့ပေးထားသည့်ကတိများကို သဘောတူညီချက်တွင် ပါမပါ အသေအချာကြည့်ပါ။ သဘောတူညီချက်တွေကို အသေအချာနားလည်အောင်လုပ်ပါ။ အကယ်၍ နားမလည်ရင်မည်သည့်လက်မှတ်မှ မထိုးပါနှင့်။ အစိုးရနှင့် ရေကာတာပြုလုပ်သူတို့က သင်အိမ်အသစ်ရမယ်။ မြေကောင်းကောင်းရမယ်လို့အမြဲတမ်းပြောပေမဲ့ လက်တွေ့မှာ တကယ်ဖြစ်ဖို့ရှားတယ်။




*နားမလည်ရင်၊ ဘာလက်မှတ်မှမထိုးပါနှင့်။*

## အဆင့် ၂။ တည်ဆောက်ခြင်း

ကာလအားဖြင့် ၅ နှစ်မှ ၁၅ နှစ်အထိ ကြာသည်။ ရေကာတာ တည်ဆောက်သည့် အခါ မှန်းထားသည့်အချိန်ထက်ကြာတတ်သည်။ တခါတရံ ဒါတွေဟာ နည်းပညာအခက်ခဲကြောင့် သို့မဟုတ် လာဘ်စားခြင်းကြောင့် ဖြစ်နိုင်သည်။

## ဤအဆင့်မှာ ဘာတွေဖြစ်ပျက်လာသလဲ။

ရေကာတာဆောက်လုပ်ရေးလုပ်ငန်းစဉ်သည် အများသောအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။




## ဤအဆင့်မှာ ဘာတွေလုပ်နိုင်သနည်း။

ရေကာတာ စတင်တည်ဆောက်နေပြီဖြစ်သော်လည်း သင်၏ရေကာတာဆန့်ကျင်ရေးလှုပ်ရှားမှု အောင်မြင်နိုင်သေးသည်။ ရေကာတာကို ရပ်တန့်ဖို့လျော်ကြေးပိုမိုရနိုင်ဖို့နှင့် စီမံချက်ကို ကောင်းအောင်လုပ်ဖို့သင်လုပ်ဆောင်နိုင်သေးသည်။ ကိုယ့်လှုပ်ရှားမှုကို ဆက်လုပ်ဖို့သာလျှင် အရေးကြီးသည်။

## ဆန္ဒပြခြင်း။

ဤအဆင့်တွင် ရေကာတာတည်ဆောက်ရေးလုပ်ငန်းရပ်တန့်ဖို့အတွက် အချို့အဖွဲ့များသည် ဆန္ဒပြပိတ်ဆို့ခြင်းနှင့် အခြားသောအကြမ်းမဖက်သည့် လှုပ်ရှားမှုများကိုပြုလုပ်လေ့ရှိသည်။ အကယ်၍ ဒါကို သင်မလုပ်နိုင်လျှင် တည်ဆောက်ရေးလုပ်ငန်းနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်ကို စောင့်ကြပ်စီစစ်ပါ။ အကယ်၍ အစိုးရ သို့မဟုတ် ရေကာတာဆောက်လုပ် သူများက သူတို့ပြောသလို မလုပ်ဘူးဆိုလျှင် သူတို့ ကတိပေးထားသည့်အတိုင်း လုပ်ဆောင်ဖို့ ဆန္ဒပြခြင်းနှင့် အခြားလုပ်ရှားမှုများ လုပ်နိုင်သည်၊

## အပြည်ပြည်ဆိုင်ရာ **NGOs** များနှင့် လက်တွဲပါ။

အကယ်၍ ရေကာတာကို အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်းများက ငွေထုတ်ပေးသော် ရေကာတာ၏ပြဿနာများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ ငွေကြေး အဖွဲ့အစည်းများလက်ထဲရောက်ဖို့ သေချာအောင် အပြည်ပြည်ဆိုင်ရာ **NGOs** များနှင့် လက်တွဲပြီး လုပ်ရပေလိမ့်မည်။ အကယ်၍ ရေကာတာဆောက်လုပ်ရေး သို့မဟုတ် ပြန်လည်နေရာချထားရေးအစီအစဉ်များ အခြေအနေဆိုးဝါးနေလျှင် တခါတရံဤငွေကြေးအဖွဲ့အစည်း များကရေကာတာဆောက် လုပ်သူများကို ဖိအားပေးနိုင်သည်။ အကယ်၍ အခြေအနေဆက်ပြီး ဆိုးဝါးနေပါက အခြေအနေတိုးတက်သည်အထိ ဤငွေကြေးအဖွဲ့အစည်းများက ငွေထုတ်ပေးဖို့ငြင်းဆန်နိုင်သည်။

# အဆင့် (၃) ။ ပူးပေါင်းဆောင်ရွက်ခြင်း။

ကာလအပိုင်းအခြား။ အနှစ် ၅၀ ဝန်းကျင် (တစ်ခါတစ်ရံ ထိုထက်စောပြီးတစ်ခါတစ်ရံ ထိုထက်နောက်ကျတတ်)




## ဤအဆင့်အတွင်းမည်သို့သော အရာများဖြစ်မည်နည်း။

ရေကာတာများတည်ဆောက်ပြီးနောက် နှစ်များကြာလာလျှင်ငှင်းတို့သည် စတင်ပျက်စီး ယိုယွင်းလာသည်။ တစ်ချို့ရေသိုလှောင်ကန်များကို အနည်အနစ်များဖြင့် အချိန်တိုတိုအတွင်း ဖြည့်သွားသည်။ အချို့ဆိုလျှင် စိတ်ချလောက်အောင်မခိုင်ခဲ့တော့ပေ။ အချို့ဆိုလျှင် ပျက်စီးသွားနိုင်သည်။

အကယ်၍ ရေကာတာသည် ၎င်း၏သက်တမ်းကုန်ဆုံးတော့မည်ဆိုလျှင် ၎င်းကိုပြန်လည်ပြုပြင် သို့မဟုတ်ဖျက်သိမ်းရန် လိုအပ်သည်။ ကမ္ဘာ့တစ်ဝှမ်းရှိ လူ့အဖွဲ့အစည်းများစွာသည် လူနှင့်မြစ်များအပေါ် သက်ရောက်လာနိုင်မည့်ဆိုးကျိုးများကြောင့် ရေကာတာများကို ဖျက်သိမ်းရန်တောင်းဆိုနေကြသည်။

## ဤအဆင့်တွင် သင်မည်သို့လုပ်ဆောင်သင့်သနည်း။

### <u>လျော်ကြေးငွေတောင်းဆို</u>

ရေကာတာတည်ဆောက်ဖြစ်သည်ဆိုလျှင်လည်း အချို့ကုမ္ပဏီနှင့် အစိုးရများသည် တရားဥပဒေအရ လျော်ကြေးငွေပေးတောင်းရန် ဝတ္တရားရှိသည်။ သင့်အခြေအနေတွင် လျော်ကြေးငွေရနိုင်မည် မရနိုင်မည်ဆိုသည်ကို စုံစမ်းသင့်သည်။

ကမ္ဘာတဝှမ်းရှိ ရေကာတာတည်ဆောက်ခြင်းကြောင့် နစ်နာသွားသူများသည် ဆုံးရှုံးမှုများကို လျော်ကြေးငွေပေးရန်တောင်းဆိုနေကြသည်။ သူတို့သည် ရေကာတာတည်ဆောက်ခဲ့သည် အေဂျင်စီများ (အစိုးရ၊ ဘဏ်နှင့် ကုမ္ပဏီများ) ကို ရေကာတာ၏ ဆိုးကျိုးများကို တာဝန်ယူပြီး နစ်နာသွားသော လူ့အသိုင်းအဝိုင်းကို လျော်ကြေးငွေပေးဆောင်ရန် တောင်းဆိုကြသည်။ တစ်ချို့ဆိုလျှင် အောင်မြင်မှုများ ရရှိခဲ့ကြသည်။
(ရှေ့စာမျက်နှာတွင်ကြည့်ပါ)

### ရေကာတာ၏ လုပ်ဆောင်ပုံကို ပြောင်းလဲပေးအောင်တောင်းဆို။

မြစ်ရေသဘာဝအလျှောက် ပြန်လည်စီးဆင်းနိုင်ရန်အတွက် ရေကာတာ၏လုပ်ဆောင်ပုံကို ပြောင်းလဲပေးရန်လည်း သင်တောင်းဆိုနိုင်သည်။ ရေကာတာလုပ်ဆောင်ပုံပြန်လည်ပြောင်းလဲခြင်းဟုခေါ်သည်။ ဤသို့ပြုပြင်ရာတွင် မတူညီသော တနေ့တာအချိန်အတွင်း မတူညီသော လျှပ်စစ်ပမာဏထုတ်လုပ်နိုင်အောင် ပြန်လည်ပြောင်းလဲ လုပ်ဆောင်ပေးခြင်း ဖြစ်ချင်ဖြစ်မည်။ ထိုသို့မဟုတ်လျှင် မြစ်အောက်ပိုင်းသို့ ရေကာတာမှ ရေများကို ပို၍လွှတ်ပေးခြင်းလည်း ဖြစ်နိုင်သည်။ ကမ္ဘာ့တစ်ဝှမ်းရှိ လူ့အဖွဲ့အစည်းများသည် ရေကာတာလုပ်ဆောင်ပုံ ပြန်လည်ပြောင်းလဲပေးရန် တောင်းဆိုလျှက်ရှိသည်။

## ဂွာတီမာလာတွင် ရေကာတာလုပ်ဆောင်ပုံ ပြောင်းလဲအောင်ပြုလုပ်နိုင်ရန်တောင်းဆိုခြင်း။




ဂွာတီမာလာ ပြည်တွင်းစစ်ကာလအတွင်း အစိုးရသည် မာယာ အာချေး၍ ဌာနေတိုင်းရင်းသားများနေထိုင်သည့် မာယာအာချေး နယ်တွင် ချီဇွိုင်ရေကာတာကို ဆောက်လုပ်ခဲ့သည်။ ၁၉၈၂ ခုနှစ် ရေကာတာဆောက်လုပ်ရန်အတွက် ပြောင်းရွှေ့ပေးရန်ငြင်းဆန် သော လူများမှ လူပေါင်း (၄၀) ခန့်ကို စစ်သားတစ်ပိုင်း အရပ်သား တစ်ပိုင်းသူတွေကသတ်ဖြတ်ခဲ့သည်။ လူပေါင်း ၃၅၀၀ ကျော် သူတို့၏မြေယာများမှ အဓမ္မပြောင်းရွှေ့ခဲ့ရသည်။ လူထောင် ပေါင်းများစွာ သူတို့၏အိမ်မြေနှင့် အသက်မွေးဝမ်းကျောင်းများ ဆုံးရှုံးခဲ့သည်။

အသက်ရှင်ကျန်သူများသည် နှစ်ပေါင်းများစွာ အလွန်ဆင်းရဲချို့ တဲ့စွာနေထိုင်ခဲ့ရပေမယ့် တရားမျှတမှုအတွက် တောင်းဆိုမှုကိုမရပ် တန့်နိုင်ခဲ့ပေ။ ယခုတွင် နစ်နာဆုံးရှုံးခဲ့ရသူများသည် သူတို့၏ လူမှုရေးဆိုင်ရာ ရုပ်ဝတ္ထုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဆုံး ရှုံးမှုများ ကိုတောင်းဆိုနေ ကြသည်။

နစ်နာဆုံးရှုံးခဲ့သူများသည် တစ်ချို့အင်ဂျီအိုနှင့်သုတေသီများနှင့် အတူပူးပေါင်းပြီး သဘာဝပတ်ဝန်းကျင်၊ သဘာဝအရင်း အမြစ်များ၊ ဆင်းရဲမွဲတေမှုနှင့် အစာရရှိမှုအပေါ် ထိခိုက်စေသည့် ရေကာတာ၏ ဆိုးကျိုးဆက်ကို လေ့လာထားသည့် မှတ်တမ်းများဖြင့် ပြုစုပြီးဖြန့်ဝေခဲ့သည်။ မာယာအာချေးချ်များ ဘာကိုဆုံးရှုံးခဲ့ရသည်နှင့် ဘာကြောင့်လျော်ကြေးငွေရ ထိုက်သည်ကို ဖော်ပြရန် ဤလေ့လာချက်က အထောက်အကူပြုခဲ့သည်။

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် လူ့အသိုင်းအဝိုင်းများသည် ဆန္ဒပြဆန့်ကျင်မှုကြီးတစ်ခုကို ရေကာတာတည်ဆောက်မည့် နေရာတွက်ပြုလုပ်ခဲ့သည်။ နှစ်ရက်ကြာ ရေကာတာကိုသိမ်းပိုက်ထားပြီးနောက် အစိုးရသည် လျော်ကြေးငွေပေး ဆောင်ခြင်းအတွက်ညှိနှိုင်းဆွေးနွေးရန် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် သဘောတူခဲ့သည်။ ကော်မရှင်၏ ပထမဆုံးဆွေးနွေးပွဲကို ၂၀၀၅ ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သည်။

အစုလိုက်အပုံလိုက် သတ်ဖြတ်မှုမှ လွတ်မြောက်လာသူ စရစ်စတိုဘော အိုဆိုလီယို ဆန်းချေးဇ်က “လျော်ကြေးပေး ဆောင်ခြင်းသည် ကျွန်တော်တို့၏သိက္ခာကို ပြန်ဆယ်ရန်နှင့် ကျွန်တော်တို့၏အခွင့်အရေးနှင့် ရိုးရာအမွေအနှစ်ကို အလေးထား အသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သည်။ လျော်ကြေးပေးဆောင်ခြင်းဆိုသည်မှာ လူတွေ၏အလုပ်လုပ်နိုင် စွမ်းရည်ကိုမြှင့်တင်ရန်၊ လူ့အသိုင်းအဝိုင်း အကျိုးအတွက် စီမံကိန်းများကို ဖော်ဆောင်ရန်နှင့် ကျွန်တော်တို့ရဲ့ မိသားစုနှင့် ဘဝကို ပြန်ညီတည်ဆောက်ခြင်းအတွက် ပေးဆောင်နိုင်ခြင်းကို ဆိုလိုသည်။ လျော်ကြေးပေးဆောင်ခြင်းသည် လူတွေကို အနာဂါတ်ရှိသေးသည်ဟု သိမြင်ခံစားစေသည်။ ဘဝကို အကောင်းမြင်ဖို့ပါ” ဟု အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှ လွတ်မြောက်လာသူ စရစ်စတိုဘော အိုဆိုလီယို ဆန်းချေးဇ် ပြောဆိုခဲ့သည်။

### ဆွေးနွေးစရာ မေးခွန်းများ –

ရေကာတာ၏ဒဏ်ကိုခံရသူဖြစ်လျှင်ရေကာ တာ စလုပ်စဉ်ကစ၍ ဘာတွေဆုံးရှုံး တတ်ပါသလဲ။



# ရောမရေကာတာကြီးများအစား အခြားရွေးချယ်စရာများ

စွမ်းအင်နှင့်ရေလွှမ်းမိုးမှုမှ ကာကွယ်ခြင်းကို ပြည်သူများအားပေးဆောင်ရာမှ ထိုထက်ကောင်းမွန်သော အခြားနည်းများလည်းရှိပါသည်။ ၄င်းနည်းများသည် ရောမရေကာတာကြီးများထက်အခါအားလျော်စွာဈေးနှုန်းချိုသာ၍ မြန်မြန်ဆန်ဆန်တည်ဆောက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်နှင့် လူများအတွက်လည်း ထိခိုက်မှုနည်းပါးစေသည်။

ကမ္ဘာတစ်ဝှမ်းရှိရေကာတာကြောင့် ထိခိုက်နစ်နာသွားသော လူ့အသိုင်းအဝိုင်းများနှင့် အစိုးရမဟုတ်သည့်အဖွဲ့ အစည်း (NGO)များသည် ရောမရေကာတာကြီးများအစား ဖြစ်နိုင်ခြေရှိသော အခြားအစားထိုးနည်းလမ်းများနှင့်သက်ဆိုင်သောအချက်အလက်များကို စုဆောင်းထားကြပြီးဖြစ်ပါသည်။ ပိုမိုကောင်းမွန်သောနည်းလမ်းများရရှိရန်အတွက် ၄င်းအချက်အလက်များကို အသုံးပြုပြီး သူတို့၏ အစိုးရများကို ဖိအားပေးခဲ့ကြသည်။ သူတို့၏ ကြိုးစားအားထုတ်မှုသည် အန္တရာယ် များပြီး မလိုအပ်သောရေကာတာများတည်ဆောက်မှုကို တားဆီးရန် ရပ်တန့်နိုင်ရန် အထောက်အကူပြုခဲ့ကြသည်။

ဤအခန်းတွင် ကျွန်တော်တို့သည် ရေကာတာအစား ဖြစ်နိုင်ခြေရှိသော အခြားအစားထိုးနည်းလမ်းများကို ဆွေးနွေးပြီး ပိုမိုကောင်းမွန်သော နည်းလမ်းများ ရရှိရန်အတွက် အစိုးရမဟုတ်သည့်အဖွဲ့အစည်း (NGOs) နှင့် လူ့မှုရေးအဖွဲ့အစည်းများ၏ လုပ်ဆောင်အောင်မြင်ခဲ့သောလှုပ်ရှားမှုများကိုလည်း အလေးပေးဖော်ပြထားသည်။ သင်ရည်ရွယ်ထားသော လှုပ်ရှားမှုနှင့်သင့်လျော်သောဖြစ်နိုင်ခြေရှိသည့်အခြားအစားထိုးမှုများနှင့်ဆိုင်သော နည်းလမ်း (Idea) များ ဤအခန်းမှရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေသတစ်ခုစီအလိုက် မတူညီသော လိုအပ်ချက်များရှိပါသည်။ သင့်ဒေသအတွက် အကောင်းဆုံးနည်းလမ်းကို သင်ကိုယ်တိုင် ဖော်ထုတ်ရွေးချယ် ရမှာဖြစ်သည်။

## ◆ စွမ်းအင် (Energy) အတွက်

အခြားနည်းလမ်းများ အစိုးရသည် စွမ်းအင်ကို ပြည်သူများအားဖြည့်စွက်ပေးရန် နည်းလမ်းအမြောက်အများရှိသည်။ ထိုနည်းလမ်းများထဲတွင် စွမ်းအင်အသုံးပြုမှုကိုလျှော့ချခြင်း၊ တည်ရှိပြီးသော လျှပ်စစ်ဓါတ်အား ပေးစက်ရုံ၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးသောဓါတ်ကြိုးတန်းနှင့်စွမ်းအင်အရင်းအမြစ်အသစ်တွေကိုတည်ဆောက်ခြင်း အပါအဝင်ဖြစ်သည်။



မီးချောင်းတွေကမီးလုံးထက်ဓါတ်အားသက်သာသည်။

## သုံးစွဲမှုကိုလျှော့ချ

မြို့တွင်းနေထိုင်ကြသော ပြည်သူများ၊ လုပ်ငန်းခွင်အတွင်းနှင့် ကုန်ထုတ် စက်ရုံများတွင် စွမ်းအင်ကို လုံလောက်ရုံ အသုံးပြုရန် အားပေးလှုံ့ဆော်ခြင်းဖြင့် အစိုးရသည် စွမ်းအင်အသုံးပြုမှုကို လျှော့ချနိုင်သည်။ ဤနည်းသည် ငွေအကုန် အကျနည်းပြီး သဘာဝပတ်ဝန်းကျင်အတွက် ရေကာတာအသစ်၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်ရုံအသစ် ထပ်ပြီးတည်ဆောက်ခြင်းထက် ပိုကောင်းပါသည်။

စွမ်းအင်ချွေတာသော နည်းလမ်းများတွင် ပြည်သူများ လျှပ်စစ်ဓါတ်အားအသုံးနည်းသော မီးသီးများ နှင့် စက်များငှားရန်အသုံးပြုနိုင်ရန် ကူညီထောက်ပံ့ခြင်း အပါအဝင်ဖြစ်သည်။ အစိုးရသည်လျှပ်စစ်အမြောက်အများသုံးသောစက်ကို အသုံးပြုသော ကုမ္ပဏီများနှင့်ပြည်သူများကို အခွန်ငွေများ ပိုမိုပေးဆောင်လုပ်ဆောင်နိုင်သည်။

အစိုးရက ပြည်သူများနှင့်စက်ရုံများတနေ့တာအတွင်းမတူညီသောအချိန်တွင် လျှပ်စစ်ကိုအသုံးပြုရန်လည်း တိုက်တွန်းရသည်။ သို့ကြောင့် လျှပ်စစ်ဓါတ်အားပေးစက်ရုံနှင့် ရေကာတာများစွာတည်ဆောက်ရခြင်းနည်းပါးသွားပါမည်။

## ဆောက်လုပ်ပြီးသော ရေကာတာများနှင့် လျှပ်စစ်ဓါတ်ဖြန့်ဖြူးပေးသော ဓါတ်ကြိုးတန်းပိုကောင်းမွန်စေခြင်း။



လျှပ်စစ်ကြိုးတန်းများသည် လျှပ်စစ်ဓါတ်အား ပေးစက်ရုံများမှ စွမ်းအင်ကို ပြည်သူများရှိရာ၊ မြို့များနှင့် စက်ရုံများဆီသို့ သယ်ဆောင်ဖြန့်ဖြူးပေးသည်။ နိုင်ငံများစွာတွင် အရည်အသွေးမပြည့်မှီသော လျှပ်စစ်ဓါတ်ကြိုးတန်းများကြောင့်လျှပ်စစ် စွမ်းအင်တော်တော်များများကိုဖန်တီးပြစ်နေသည်။ လျှပ်စစ်ဓါတ်ကြိုးတန်းများကိုပြန်လည် ပြုပြင်ခြင်းဖြင့် စွမ်းအင်မဖြုန်းတီးအောင် အခါအားလျော်စွာတားဆီးနိုင်သည်။

တည်ရှိ ပြီးသောရေကာတာများနှင့် စွမ်းအင်ထုတ်စက်ရုံများကိုလည်း ပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်သည်။ စက်ယန္တရားများကို သန့်စင်ခြင်း၊အညစ်အကြေးများကိုဖယ်ရှားခြင်းနှင့်အခြားနည်းပညာပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်အောင်ပြုလုပ်ခြင်းဖြင့် လျှပ်စစ်ဓါတ်အားပေးစက်ရုံများသည် လျှပ်စစ်စွမ်းအင်ကိုတိုး၍ထုတ်လုပ်နိုင်ပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းများသည်လျှပ်စစ်ထုတ်စက်ရုံအသစ် တည်ဆောက်ခြင်းထက်အကုန်အကျနည်း၍ အချိန်တိုတိုနှင့်ပြုလုပ်နိုင်သည်။

## ပိုမိုကောင်းမွန်သော စွမ်းအင် အရင်းအမြစ်တည်ဆောက်ခြင်း။

စွမ်းအင်ထုတ်လုပ်ရန် အချို့နည်းလမ်းများသည် ရေဘမရေကာတာများထက် ပတ်ဝန်းကျင်နှင့်လူ့အသိုင်းအဝိုင်းကိုထိခိုက်မှုနည်းစေသည်။ ဤဖြစ်နိုင်ခြေရှိသောနည်းလမ်းများကို အသုံးပြုပြီး စွမ်းအင်များကို စက်ရုံကြီးများသို့မဟုတ် ကျေးလက်တောရွာများဆီသို့လည်း ပေးဆောင်နိုင်ပါသည်။



### ရေအား လျှပ်စစ်စွမ်းအင်အသေးစား

ရေအားလျှပ်စစ် အသေးစားရေကာတာများသည် အများအားဖြင့် မီတာအနည်းငယ်သာမြင့်သည်။ ၄င်းတို့ကိုမြေ၊ ကျောက်တုံး သို့မဟုတ် သစ်သားနှင့်လည်း ဆောက်လုပ်နိုင်ပါသည်။ ရေကာတာငယ်များသည်ရေသိုလှောင်ကန်များမလိုပါ။ သို့ကြောင့် ၄င်းတို့သည် ပြည်သူများကို အိုးမဲ့အိမ်မဲ့မဖြစ်စေပါ။ မြစ်ရေစီးလည်း သိသာလောက်အောင် မပြောင်းလဲသွားပါ။

အလွန်သေးငယ်သော အငယ်စားရေအားလျှပ်စစ်စီမံကိန်းများသည် တစ်ခါ တစ်ရံ ရေကာတာပင် မလိုချေ။ ၄င်းတို့သည် မြစ်မှရေတစ်ချို့ကို ဂျင်နရိတ်တာ (Generator) အား လည်ပတ်စေသည့် စွမ်းအင်အဖြစ် သာပြောင်းလဲ လိုက်သည်။

### ဘိုင်အိုမက်စ် စွမ်းအင် (Biomass Energy)



ဘိုင်အိုမက်စ် စွမ်းအင်ဓါတ် (BiomassEnergy) သည်အသုံးများ သောစွမ်းအင် အရင်းအမြစ်တခုဖြစ်သည်။ အပင်များနှင့်တိရစ္ဆာန်များမှစွန့်ပစ်ပစ္စည်းအားလုံးဘိုင်အိုမက်စ် (Biomass)တွင်ပါဝင်သည်။ တိရစ္ဆာန်နှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို ဓါတ်ငွေ့(Gas) ထုတ်လုပ်ရန်အဆောက်အဦးကို အပူပေးရန်နှင့်မီးဖိုဖိုရန်အသုံးပွည်းသည် ဘိုင်အိုမက်စ် (Biomass) ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည်။ ကြံစိုက်ပျိုး ရောင်းချသည့်နိုင်ငံများတွင်ကုမ္ပဏီများသည်ကြံရိုးတံနှင့်အရွက်များကို မီးရှို့ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်သည်။ စပါးအခွံ နှင့် လွှစာမှုန့်များကိုလည်း ထိုကဲသို့အသုံးပြု၍ရသည်။



## နေစွမ်းအင် (Solar Power)

ဆိုလာပန်နယ်လ် (Solar Panels) နေ၏စွမ်းအင်ကို သိုလှောင်ရန် ဆိုလာပန်နယ်လ်ကို အိမ်ခေါင်မိုးပေါ်တွင် တပ်ဆင်ပြီး ရေကိုအပူပေးရန်နှင့် လျှပ်စစ်စွမ်း အင်ထုတ်လုပ်ရန် ၄င်းကိုအသုံးပြုသည်။ ပို၍ကြီးမားသော ပန်နယ်လ် (Panels) များသည်နေမှအပူကိုပို၍သိုလှောင်နိုင်ပြီး စွမ်းအင်ပိုထုတ်နိုင်သည်။



## လေစွမ်းအား (Wind Power)

လေစွမ်းအားသည် ရောမရောဂါတာများထက်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအန္တရာယ်နည်းပါးစေသည်။ ဥရောပနိုင်ငံများ (ဥပမာ– ဂျာမနီ နှင့်စပိန်) တွင်စွမ်းအင်များစွာကိုလေတာဘိုင် (wind turbines)များမှထုတ်လွှတ်သည်။ ယခုအချိန်တွင် အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိကနှင့် ဘရားဇီးလ်ကဲ့သို့ နိုင်ငံများသည် သန့်စင်သော စွမ်းအင်ထုတ်လုပ်ရန် လေတာဘိုင်များကို တည်ဆောက်နေကြသည်။

## ကျောက်သာမောလ်စွမ်းအင် (Geothermal Power)

ကျောက်သာမောလ် (Geothermal) စွမ်းအင်သည် ကမ္ဘာမြေထုမှ အပူကိုအသုံးပြုပြီးအင်နာဂျီထုတ်လွှတ်သည်။ ဤအပူသည်မြေအောက်ရေသိုလှောင်ကန်များနှင့် မြေအောက်စမ်းချောင်းများကို ပူနွေးစေသည်။ရေတွင်းများကို နက်ရှိုင်းစွာတူးခြင်းဖြင့် ကျောက်သာမောလ်ရေပူကို မြေမျက်နှာပြင်သို့ အရောက်ယူဆောင်နိုင်သည်။ ပြီးနောက် ဤအရည်ကိုလျှပ်စစ်ဓါတ်အားပေးစက်ရုံများတွင်လျှပ်စစ်စွမ်း အင်ပြုလုပ်ရန် အသုံးပြုသည်။ ဖိလစ်ပိုင်နှင့်အဲစေလ်ဗစ်ဒေါ် နိုင်ငံများသည် ၄င်းတို့လျှပ်စစ်စွမ်းအင်၏ ၂၅ ရာခိုင်နှုန်းနီးပါးကို ကျောက်သာမောလ်အရင်း အမြစ်မှထုတ်လုပ်သည်။

### ယူဂန်ဓါတွင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများက ပိုမိုကောင်းမွန်ခြင်း။ အခြားစွမ်းအင်ထုတ်နည်းလမ်းများကို ဖော်ထုတ်သက်သေပြခြင်း။




ယူဂန်ဓါအစိုးရနှင့် ကမ္ဘာ့ဘဏ်သည် ယူဂန်ဒါစွမ်းအင်လိုအပ်မှုကို ဖြည့်စွက်ရန်အတွက် ဘတ်ဂျာဂလီ ရေကာတာကို လိုအပ်သည်ဟု နှစ်များစွာ ပြောနေခဲ့ကြသည်။သို့သော်လည်း ယူဂန်ဒါရှိညအစိုးရမဟုတ်သည့်အဖွဲ့အစည်းများသည်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပြီးပြည်သူတွေအတွက် ပိုမိုကောင်းမွန်သောအခြားစွမ်းအင်ထုတ်နည်းလမ်း များကိုရှာဖွေခဲ့ကြသည်။ ထိုကြောင့် သူတို့သည် ကျယ်ကျယ်ပြန့်ပြန့် သုံးနိုင်သော အခြားစွမ်းအင်ထုတ်နည်းကို စတင်ရှာဖွေ ခဲ့ကြသည်။

ဧပြီလ ၂၀၀၃ တွင် ယူဂန်ဒါရှိ အစိုးရမဟုတ်သည့်အဖွဲ့ တစ်ဖွဲ့ဖြစ်သော National Association of Professional Environmentalists (NAPE)သည် ကျောက်သာမောလ်အင်နာဂျီနှင့်ပက်သက်သော ဆွေးနွေးပွဲကြီးတစ်ခုကို ပြုလုပ်ခဲ့ပြီး ၄င်းစွမ်းအင်ထုတ်နည်းသည် ယူဂန်ဒါအတွက် အကောင်းဆုံးဖြစ်သည်ဟု စဉ်းစားဆုပ်ကိုင်ကြသည်။ ကမ္ဘာတစ်ဝှမ်း ကျောက်သာမောလ်ကျွမ်းကျင်သူများ၊ အစိုးရအရာရှိများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပြည်သူများလည်း တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲပြီးဆုံးပြီးနောက် ယူဂန်ဒါစွမ်းအင်ဝန်ကြီးဌာနသည် အဖွဲ့တစ်ခုဖွဲ့ပြီးနိုင်ငံအတွက် အခြားစွမ်းအင်ထုတ်နည်းကို လေ့လာ စေခဲ့သည်။ (NAPE) ၏ ကြိုးစားအားထုတ်ခဲ့မှုကြောင့် ရေအားလျှပ်စစ်ကို ယူဂန်ဒါအတွက် တစ်ခုတည်းသော စွမ်းအင် ထုတ်လုပ်သည့် နည်းအဖြစ်မမြင်ကြတော့ပေ။ ကျောက်သာမောလ်ကဲ့သို့ ကုန်ချစရိတ်သက်သာသန့်စင်ပြီး ပိုမိုကောင်းမွန်တဲ့ စွမ်းအင်ထုတ်နည်းများကို အခုစဉ်းစားနေကြပြီဖြစ်သည်။

### ◆ ရေအတွက်အခြားရွေးချယ်စရာများ

ကမ္ဘာတစ်ဝှမ်းတွင် သောက်သုံးရေအတွက် ရေကာတာများတည်ဆောက်ကြသလို ရေဝပ်မြေများတွင်လည်းသို့သော် လည်း၎င်းရေမှပမာဏ အတော်များများသည်အရည်အသွေးချို့တဲ့သောဆည်မြောင်းများနှင့် ရေဖြန့်ဖြူးခြင်းစနစ်ကြောင့် ရေများဖြုန်းတီးနေသည်။ မြို့တွင်နေထိုင်သူများလည်းမကြာခဏ ရေကိုအကျိုးမဲ့ဖန်တီးနေကြသည်။ အကယ်၍ရေကိုကောင်းကောင်းမွန်မွန် စနစ်တကျစီမံသုံးမည်ဆိုလျှင်ရေလိုအပ်မှုအတွက် အလုံအလောက်ရှိမည်ဖြစ်သည်။ အောက်ပါများသည် အထောက်အကူဖြစ်မည့် နည်းလမ်းများဖြစ်သည်။

### သောက်သုံးခြင်းလျှော့ချ

စီးပွားဖြစ် ကြီးမားသော စိုက်ပျိုးရေးသည်ရေချိုပမာဏများစွာကို အသုံးပြုရပြီး ပမာဏများစွာကိုလည်း ဖန်တီးပစ်သည်။ ရောမစိုက်ခင်းများအတွက် ရေသွင်းလွှတ်မြောင်းများသည် စိုက်ခင်းတွင် အပင်များလိုအပ်သည်ထက် ရေကိုမကြာခဏ ပို့ဆောင်ပေးသည်။ ပိုလျှံရေများသည်မြေဆီလွှာကိုပျက်စီးစေသည်။ ရေကိုချွေတာရန် အခြားရေသွင်း ရေလွှတ်မြောင်း အမျိုးအစားကို အသုံးပြု၍ရနိုင်သည်။ ရေအစက်ကျရေသွင်းလွှတ်မြောင်း(Drip Irrigation) သည်ရေ ကိုပို၍အကျိုးရှိအောင် အသုံးပြုသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် ရေကိုအပင်၏အမြစ်အထိတိုက်ရိုက်ရောက်အောင် ပို့ဆောင်ပေးနိုင်သည်။ ရေအစက်ကျ ရေသွင်းလွှတ်မြောင်းသည်ရေဖန်တီးမှုမရှိသဖြင့်အပင်နှင့်မြေဆီလွှာအတွက်လည်းကောင်းသည်။ စီးပွားဖြစ်စိုက်ပျိုးသော လယ်သမားများနှင့် စိုက်ပျိုးရေးကုမ္ပဏီများသည် စပါးနှင့်ကြံကဲ့သို့ ရေအမြောက်အများ လိုအပ်သည့်အပင်ကို တစ်ခါတရံခြောက်သွေ့သော ဒေသများတွင် စိုက်ပျိုးကြသည်။ စီးပွားဖြစ်စိုက်ပျိုးသော လယ်သမားများနှင့်စိုက်ပျိုးရေးကုမ္ပဏီများသည်ရေအမြောက်အများမလိုအပ်သောအပင်ကိုစိုက်ပျိုးကြရန်အားပေးလှုံ့ဆော်ခြင်းဖြင့် ရေကိုချွေတာနိုင်သည်။

### မိုးရေစုဆောင်းကြ

မိုးရေစုဆောင်းခြင်းသည် လူ့အသိုင်းအဝိုင်းရေရရှိရန်အတွက် ဈေးနှုန်းချိုသာပြီး ထိရောက်မှုရှိသောနည်းဖြစ်သည်။ လူများသည် အိမ်ဘေးတွင် ရေတိုင်ကီများထားပြီး အိမ်ခေါင်မိုးမှ စီးကျလာသောမိုးရေများကိုခံယူ၍စုဆောင်း နိုင်သည်။ မြေအိုး ကြီးများကို မိသားစုသုံးမိုးရေခံယူစုဆောင်းရာတွင်သုံးနိုင်သည်။ စိုက်ပျိုးရေးအတွက် ရေကာတာငယ်များ၊ တာတမံများတည်ဆောက် ၍ တောင်ကုန်းမှစီးဆင်းလာသော မိုးရေကို စုဆောင်းနိုင်သည်။ ရေသည်မြေထဲသို့စိမ့်ဝင်သွားသည်။ ရေတွင်းများတူးဖော်ခြင်းဖြင့်လည်းရေရရှိနိုင်သည်။ အခြားနည်းတစ်နည်းမှာ မြစ်များတွင်ရေကာ တာငယ်များနှင့် ရေမြောင်းများ ပြုလုပ်ခြင်းဖြစ်သည်။ ရေကို သေးငယ်သော သစ်သား၊ ကျောက်၊ မြေ၊ ရေကာတာတွင် စုဆောင်းပြီး စိုက်ခင်းထဲသို့ ပို့လွှတ်နိုင်သည်။



## မိုးရေစုဆောင်း ဘဝပြောင်း



၁၉၈၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ရက်ဂျစ်စသန်ရှိအယ်ဝါရိုင်သည် သဲကန္တာရတစ်ခုကဲ့သို့ပင် လူများသည် အိမ်များနှင့်စိုက်ခင်းများအတွက် ရေအလုံအလောက်မရှိပေ။ ထိုအချိန်တွင် **Tarun Bharat Sang (TBS)** ဆိုသည့် အဖွဲ့သည်လူနှင့်စိုက်ပျိုးရေးအတွက်ရေများ တိုးမြှင့်ရရှိအောင်လုပ်ဆောင်ရန် တည်ထောင်ခဲ့သည်။ **TBS** စတင်တည်ထောင်သူများသည် တစ်ချိန်က ရက်ဂျစ်စသန်ရှိ လူများ မိုးရေခံယူစုဆောင်းခဲ့ဖူးသည်ကို အမှတ်ရနေခဲ့သည်။ **TBS** သည်၎င်းတို့၏လုပ်ငန်းကို စတင်ဖော်ဆောင်သည့်အချိန်တွင် နှစ်ရှည်လများအသုံးပြုခဲ့သည့်အတွက် မိုးရေစုဆောင်းသည့်အဆောက်အဦးမည်ကဲ့သို့ တည်ဆောက်ရမည်ကို မေ့လျော့ပြီး မည်သူမှအသုံးမပြုတော့ပေ။

**TBS** သည် မေ့ပျောက်နေသော မိုးရေစုဆောင်းခြင်းအကြံဉာဏ်ကို သတိရပြီး မိုးရေကို သိုလှောင်ရန် သူတို့၏ဘိုးဘွားဘီဘင်များက မြစ်ကိုဖြတ်ပြီးတည်ဆောက်ခဲ့ဖူးသည့် မြေ၊ရေကာတာငယ်လေးတစ်ခုကိုပြန်လည်တည်ဆောက်ကြသည်။ အခုအချိန်၌ ရက်ဂျစ်စသန်တွင် ရွာပေါင်း ၁၀၀၀ ကျော်အတွက်ရေစုဆောင်းရန်ရေကာတာငယ်နှင့်တာတမံ ၁၀၀၀၀ ကျော်ရှိခဲ့ပါပြီ။ ရေကာတာငယ်များနှင့် တာတမံတွေကြောင့် ယခုဆိုလျှင် ဒေသအတွင်းရှိ မြေအောက်ရေ မျက်နှာပြင်မြင့်တက်လာပြီး ခန်းခြောက်ခဲ့သောမြစ်များသည် တစ်နှစ်ပတ်လုံး မြစ်ရေများစီးလျှက်ရှိပါသည်။ အိမ်၊ ကျွဲ၊ နွားနှင့်စိုက်ခင်းသုံးရေများကိုကောင်းစွာရရှိလာတဲ့အတွက် လူပေါင်း ၇၀၀၀၀၀ ကျော်၏ဘဝကို ပြောင်းလဲစေခဲ့သည်။

"ကျွန်မအရင်မျိုးဆက်တွေကကျွန်မလောက်ကံမကောင်းခဲ့ပါဘူး၊ရက်ဂျစ်စသန်ရှိမန်ဒယ်ဝေါ့စ်ရာမှ အမယ်အိုကရင်ဖွင့်ပါသည်။ ဘာကြောင့်လဲဆိုတော့ ရေရှိတဲ့အတွက် ကျွန်မတို့ရဲ့ကျွဲ၊ နွား၊ ပြီးရင်တောရိုင်းတိရိစ္ဆာန် တွေပျော်ကြတယ်။ စိုက်ခင်းတွေအထွက်နှုန်းတိုးလာတယ်။ ကျွန်မတို့ရဲ့ သစ်တောစိမ်းပြီးထင်းတွေရတယ်။ ကျွဲ၊ နွားတွေ အတွက် အစာလည်းရှိတယ်။ နောက်ဆုံး ကျွန်မတို့ရဲ့ ရေတွင်းထဲမှာရေတွေရှိတယ်။"

**ဆွေးနွေးရန်မေးခွန်းများ**



- အကြောင်းအရာသည် သင့်ရဲ့အသိုင်းအဝိုင်းနှင့် မည်သို့စပ်ဆက်မှုရှိပါသနည်း။
- သင့်ဒေသတွင် မိရိုးဖလာအသုံးပြုနေသော မိုးရေသိုလှောင်နည်းများရှိပါသလား။
- ရိုးရာမိုးရေသိုလှောင်နည်းတွေကို ပြန်လည်ဖြည့်ဆည်းပြင်ဆင်မယ်ဆိုလျှင် သင့်ဒေသရေရရှိမှု တိုးမြှင့်လာနိုင်မည်လား။
- အကယ်၍လူတွေအများကြီးက သူတို့ကိုယ်ပိုင်ရေရရှိအောင်လုပ်ဆောင်နိုင်ခဲ့မည်ဆိုလျှင်ရေကာတာတည်ဆောက်ခြင်းကို ရပ်တန့်အောင်လုပ်ရန်အထောက်အကူဖြစ်စေမှာလား။

## ◆ ရေလွှမ်းမိုးခြင်းကို တားဆီးရန်အတွက် အခြားရွေးချယ်စရာများ

တစ်ခါတစ်ရံ ရေလွှမ်းမှုများကို တားဆီးရန် ရောမရေကာတာကြီးများတည်ဆောက်ကြသည်။ သို့သော် အလွန်ကြီးမားသော ရေလွှမ်းမိုးမှု ဖြစ်လာသည့်အခါတွင် ရောမရေကာတာကြီးများကြောင့် ရေလွှမ်းမိုးမှုကို ပို၍ဆိုးဝါးစေနိုင်သည်။ ရေလွှမ်းမိုးမှုမကြီးမားအောင်နှင့် အပျက်အစီးလျော့နည်းအောင်လုပ်ရန်နည်းလမ်းများစွာရှိပါသည်။ ၎င်းလုပ်ဆောင်ခြင်းများထဲတွင် ရေဝေကုန်းတန်းများကိုကာကွယ်ခြင်းနှင့် ရေလွှမ်းမိုးမှုသတိပေးစနစ်များကို ဖန်တီးခြင်းအပါအဝင်ဖြစ်သည်။

### ရေဝေကုန်းတန်းများကိုကာကွယ်ခြင်း

ရေလွှမ်းမိုးမှုမှ အပျက်အစီးများလျော့နည်းအောင် ပြုလုပ်ရန်အကောင်းဆုံးနည်းတခုမှာ ရေဝေကုန်းတန်း များကို ကာကွယ်ရန်နှင့် ပြန်လည်ပြုပြင်ရန်ဖြစ်သည်။ ကောင်းမွန်သောရေဝပ်ဒေသများ၊ ရေလွှမ်းမိုးလွင်ပြင်နှင့် သစ်တောများသည် ရေကို ရေမြှုပ်ကဲ့သို့ စုပ်ထိမ်းထားခြင်းဖြင့် ရေလွှမ်းမိုးမှုမှကာကွယ်ပေးသည်။ သစ်ပင်များသည် လွှမ်းမိုးလာသောရေ၏အရှိန်ကို လျော့ကျပြီးရေများကို ရေလွှမ်းမိုးလွင်ပြင်ဆီသို့ ဖြည်းညှင်းစွာပို့ဆောင်ပေးသည်။ ရေဝပ်မြေသည် မုန်တိုင်းဖြစ်နေချိန် အတွင်းရေမျက်နှာပြင်မြင့်တက်လာသည့်အချိန်တွင်ရေကိုစုပ်ယူထားသည်။ ရေမျက်နှာပြင်နိမ့်ဆင်းချိန်တွင် ရေဝပ်မြေသည်ရေကို ဖြည်းညှင်းစွာပြန်လွှတ်ပေးသည်။



ယနေ့တွင် ရေဝပ်မြေ၊ ရေလွှမ်းမိုးလွင်ပြင်နှင့် သစ်တောများစွာတို့သည် လမ်းများ၊ အိမ်ယာများနှင့် စက်ရုံများတည်ဆောက်ရန် အတွက် ဖျက်ဆီးခံနေကြရသည်။ ပိုမိုကောင်းမွန်သော ရေလွှမ်းမိုးမှုတားဆီးခြင်းအတွက် သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရမည်။ အကယ်၍၄င်းတို့သည် ဖျက်ဆီးခြင်းခံခဲ့ရပြီးလျှင်လည်း ပြန်လည်ပြုပြင်ထိန်းသိမ်းသင့်သည်။

## ရေလွှမ်းမိုးမှု သတိပေးစနစ်များကို ဖန်တီး

အစိုးရများသည် ရေလွှမ်းမိုးမှုသတိပေးစနစ်များတွင် ငွေကိုသုံးနိုင်သည်။ သို့မှသာ ရေများတက်လာသည့်အခါတွင် ပြည်သူများ အချိန်မီသိနိုင်မည်ဖြစ်ပြီး အသက်ဆုံးရှုံးမှုများမှ ကယ်နိုင်သည်သာမက ရေလွှမ်းမိုးမှုအပျက်အစီးများကို လျှော့ချနိုင်မည်။ ရေလွှမ်းမိုးမှုဖြစ်ပေါ်မည့်အချိန်တွင် သတိပေးစနစ်သည် မြစ်ဝှမ်းတစ်လျှောက်နေထိုင်သူများကို စောစီးစွာသိစေနိုင်သည်။ မြို့တွင်း လော်စပီကာ ထားရှိခြင်းဖြင့်ရေလွှမ်းမိုးမှုဖြစ်ပွားလျှင် မည်သို့လုပ်ဆောင်ရမည့် အရေးပေါ်အစီအစဥ်များအပါအဝင် လုပ်ဆောင် ရန်တို့ကိုကြိုတင်မှာထားနိုင်သည်။ အခြားစနစ်များသည် မြစ်တွင်ရေမည်မျှ မြင့်တက်လာသည်ကို လူများမျက်ခြေမပြတ် သိနိုင်အောင်လုပ်ဆောင်ပေးသောစနစ်လည်းရှိသင့်သည်။ အကယ်၍ရေမျက်နှာပြင်သည်သတ်မှတ်ထားသောနေရာ ထက်မြင့် တက်လာပြီဆိုလျှင် လူများသည် ရေလွှမ်းမိုးမှုဖြစ်တော့မည့် အခြေအနေရှိသည်ကို သိနိုင်သည်။



# နိဂုံး

ဤလုပ်ရှားမှုဥပမာများနှင့် အချက်အလက်များသည် အန္တရာယ်ရှိသော ရေကာတာများတည်ဆောက်ခြင်းကို ဆန့်ကျင်သည့် လှုပ်ရှားမှုတွင် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ အခြားလူမှုရေးအဖွဲ့အစည်းများ၏ အောင်မြင်မှုများသည် မိမိ၏အခွင့်အရေးများနှင့် စားဝတ်နေရေးကို ကာကွယ်နေသူသင့်အနေနှင့် ယုံကြည်မှုနှင့် စိတ်စွမ်းအားများရရှိစေမည်ဟု မျှော်လင့်သည်။ တိုက်ပွဲတွင် သင်တစ်ဦးတည်းမဟုတ်ပါ။

ရေကာတာတည်ဆောက်ခြင်းကြောင့် ဆိုးကျိုးခံစားရသော လူများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် ၁၉၉၇ တွင်ဤကဲ့သို့ပြောခဲ့သည်။

> “ကျွန်တော်တို့မှာခံနိုင်ရည်ရှိတယ်။ မတူကွဲပြားပေမဲ့ညီညွတ်ကြတယ်။ ကျွန်တော်တို့ အောင်မြင်မှုရရှိခဲ့ပြီ။ ကျွန်တော်တို့သည် အန္တရာယ်များသည့်ရေကာတာကို ရပ်တန့်အောင်လုပ်ခဲ့နိုင်ပြီးရေကာတာတည်ဆောက်သူများကိုလည်း ကျွန်တော်တို့အခွင့်အရေးအား လေးစားအသိမှတ်ပြုအောင်လုပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့ အခုရေကာတာတည်ဆောက်မှုရပ်တန့်နိုင်ခဲ့ပြီ နောင်လည်းကန့်ကွက်ဦးမယ်။ ရေကာတာဆိုးကျိုးခံစားရသူများ၏ ပထမဆုံးနိုင်ငံတကာဆွေးနွေးပွဲ Euritiga, Brazil March 14, ၁၉၉၇

ဤစကားလုံးများသည် အမှန်တရားအတွက်သက်သေထူခဲ့သည်။ ကျွန်တော်တို့တစ်တွေအတွက် အန္တရာယ်ရှိသောရေကာတာကို ရပ်တန့်အောင်အတူတကွလုပ်ဆောင်ပြီး လူသားများ၏အခွင့်အရေးကို ကာကွယ်နိုင်ခဲ့ပြီ။ ကျွန်တော်တို့တတွေအတူတကွ လူ့အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသော စွမ်းအင်နှင့်ရေလိုအပ်မှုအား ဖြည့်စွက်နိုင်ရမည်။

နေချင်စရာကောင်းသောအနာဂါတ်ကို တည်ဆောက်ကြစို့။



# Regional Contacts

**International Rivers Network**
1847 Berkeley Way
Berkeley CA 94703, USA
Phone: + 1 510 848 1155
Email: info@irn.org
Web: www.irn.org
ရေကာတာ ကို ဆန့်ကျင်သော ဒေသခံအဖွဲ့အစည်းများ၊ NGOs များကို ထောက်ခံအားပေးပါ။

**East and Southeast Asia**
Rivers Watch East and Southeast Asia
Ms. Joan Carling, RWESA Coordinator
Cordillera People's Alliance
P.O. Box 975
2600 Baguio City, Philippines
Phone: +63 74 442 2115
Email: joan@cpaphils.org
Web: www.rwesa.org
အရှေ့နှင့်အရှေ့တောင်အာရှမှ မြစ်ရေချောင်းများကို ပျက်စီးစေမည့် စီမံကိန်းများကို ရပ်တန့်သွားရန် ဆန့်ကျင်လှုပ်ရှားသည့် ရေကာတာစီမံကိန်းကြောင့် ထိခိုက်ဆုံးရှုံးခံရသောဒေသခံလူထုများနှင့် NGOs ကွန်ယက်များ။

Ms. Pianporn Deetes
Living Rivers Siam
78 Moo 10, Suthep Road, Tambol Suthep
Muang Chiang Mai 50200, Thailand
Phone: +66 53 278 334
Email: pai@chmai2.loxinfo.co.th
Web: www.searin.org
ဒေသခံတို့၏ သဘာဝအရင်းအမြစ်တို့ကို ပိုင်ဆိုင်ခွင့်အခွင့်အရေး ကိုထောက်ခံပါ။ အရှေ့တောင်အာရှကုန်းမြေပေါ်ရှိ မြစ်များနှင့် သဘာဝဖြစ်တည်နေမှုပျက်စီးမည့်အန္တရာယ်ကို ဆန့်ကျင်ပါ။

Friends of the Earth Japan
3-17-24-2F Majiro Toshima-ku
Tokyo 171-0031, Japan
Phone: +81 3 3951 1081
Email: finance@foejapan.org
Web: www.foejapan.org
ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဘဏ်(JBIC) ၏ မူဝါဒနှင့် စီမံကိန်းတို့ကို စောင့်ကြည့် စီစစ်ပါ။

**South Asia**
Mr. Himanshu Thakkar
South Asian Network on Dams, Rivers and People (SANDRP)
86-D, AD block, Shalimar Bagh,
Delhi 110 088, India
Phone: +91 11 2748 4654
Email: ht.sandrp@gmail.com
Web: www.sandrp.in
အိန္ဒိယနိုင်ငံရှိရေကာတာဆောက်လုပ်မှု အချက်အလက်များကို မျှဝေဖလှယ်ချင်းနှင့် ရေကာတာကိုဆန့်ကျင်သောအဖွဲ့များကိုဆက်သွယ်နိုင်ပါသည်။

Mr. Gopal Siwakoti 'Chintan'
Water and Energy Users Federation–Nepal
G.P.O Box 2125
60 New Plaza Marga
Kathmandu, Nepal
Phone: +977 1 442 9741
Email: gopalchintan@gmail.com
Web: www.wafed-nepal.org
နီပေါနိုင်ငံ၏နိုင်ငံတော်ရေနှင့်စွမ်းအင်ဓါတ်အား စီမံကိန်းကြောင့် ဒေသခံလူထုအပေါ် ဆိုးကျိုးသက်ရောက်မှုများကို စိုးရိမ်ကြည့်ရှုသောအဖွဲ့။ ထို့အပြင် ၄င်းအဖွဲ့သည် တောင်အာရှရှိ ရေနှင့်ရေကာတာအများအကြောင်းကို လှုပ်ရှားသောအဖွဲ့များ၏ ကွန်ယက်များကို ကူညီတည်ဆောက်ပေးခြင်း လုပ်ငန်းများကို လုပ်ဆောင်ပါသည်။

Mr. Amjad Nazeer
Sungi Development Foundation
H.7–A, Street 10, F–8/3
Islamabad, Pakistan
Phone: +92 51 228 2481
Email: amjad.nazeer@sungi.org

Web: www.sungi.org
ပါကီစ္စတန် နိုင်ငံရှိ လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများကို ရှာဖွေသပ်မှတ်ခြင်းနှင့် ဖွံ့ဖြိုးရေးစီမံကိန်းမှလူ့အဖွဲ့အစည်းများ အကျိုးခံစားရအောင် ကူညီစီစဉ်ပေးသောအဖွဲ့။

**Africa**

African Rivers Network
C/- Mr. Frank Muramuzi
National Association of Professional Environmentalists (NAPE), Uganda
P.O. Box 29909, Kampala, Uganda
Phone: + 256 77 492362
Email: nape@nape.or.ug
Web: www.nape.or.ug

Mr. Hope Ogbeide
Society for Water and Public Health Protection (SWAPHEP), Nigeria
248 Uselu–Lagos Road, Ugbouto, Benin City, Nigeria
Phone: + 234 803 742 4999
Email: swaphep@yahoo.com

Ms. Liane Greeff
Environmental Monitoring Group, South Africa
PO Box 13378
7705 Mowbray, South Africa
Phone: + 27 21 448 2881
Email: rivers@kingsley.co.za
Web: www.emg.org.za

**Europe**

European Rivers Network
8 rue Crozatier,
43000 Le Puy, France
Phone: + 33 471 02 08 14
Email: info@rivernet.org
Web: www.ern.org

**Latin America**

MAB—Movimento dos Atingidos por Barragens
HIGS Quadra 705, Asa Sul, Bloco K, Casa 11
Brasilia/DF, Brasil CEP: 70350-711
Phone: + 55 61 3242 8535
Email: mab@mabnacional.org.br
Web: www.mabnacional.org.br

Ms. Elba Stancich
Taller Ecologista
Casilla de Correo 441
CP 2000 – Rosario, Santa Fe, Argentina
Phone: + 54 341 426 1475
E-mail: info@taller.org.ar
Web: www.taller.org.ar

Mr. Gustavo Castro Soto
Edupaz
Periferico Pte.17–8B, Cda.Cuatro Caminos
Col. San Martín; 29240
San Cristóbal de Las Casas
Chiapas, México
Phone: + 52 967 631 5474
E-mail: guscastro@laneta.apc.org

# ကျေးဇူးတင်မှတ်တမ်းလွှာ

ဤလမ်းညွှန်စာအုပ်ကို Aviva Imhof, Ann Kathrin Schneider နှင့် Susanne Wong တို့က ရေးသားပြီး Susanne Wong ကနောက်ဆုံးတည်းဖြတ်ပါသည်။ Jamie Greenblatt က အချောသပ်ပေးကာ စာအုပ်ပုံစံတခုလုံးကို Tracy Perkins ကပြင်ဆင်ပေးသည်။ Oxfam Australia နှင့် Ford Foundation တို့၏စေတနာထက်သန်စွာ ရံပုံငွေကူညီပံ့ပိုးမှု ဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်၊ လှပသည့်ပုံများကိုအသုံးပြုခွင့်ပေးသည့် Hesperian Foundation နှင့် Haris Ichwan တို့အားအထူးကျေးဇူးတင်ပါသည်။

ဤလမ်းညွှန်ဖြင့် ဆည်၊ ရေကာတာတို့၏ဆိုးကျိုးခံစားနေရသော လူ့အဖွဲ့အစည်းများတွင်စမ်းသုံးကြည့်ပြီး အကြံဉာဏ်၊ ဝေဖန်ချက်ပေးခဲ့သည့် ကျွန်ုပ်တို့၏အကြံပေးအဖွဲ့ကိုလည်း အထူးကျေးဇူးတင်ပါသည်။ ဤလမ်းညွှန်သည်ဆည်၏ဆိုးကျိုးခံစားနေရသောလူ့အဖွဲ့ အစည်းများနှင့် ၎င်းတို့၏ဘဝတူများကထောက်ခံအားပေး အသိမှတ်ပြုမှုကိုလည်းရရှိခဲ့ပါသည်။

အကြံပေးအဖွဲ့တွင် Girin Chetia (အိန္ဒိယ) Pianporn Deetes(ထိုင်း) IraPamat(ဖိလစ်ပိုင်) Franklin Rothman (ဘရာဇီးလ်) Kevin Woods (ထိုင်း၊ အမေရိကန်ပြည်ထောင်စု)နှင့် Ercan Ayboga (တူရကီ၊ ကါကစ်စတန်)တို့ပါဝင်သည်။

မူလသရုပ်ပြပုံများသည် Haris Ichwan မှဖြစ်ပြီး စာမျက်နှာ ၇ ၊၁၀ ထိပ်မှပုံများ၊ စာမျက်နှာ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၈၊ ၃၀၊ ၃၂၊ ၃၃ နှင့် ၃၆ အောက်ပိုင်းမှ ပုံများသည် Courtesy of Hesperian Foundation မှပံ့ပိုးပေးထားသော ပုံကားချပ်များဖြစ်သည်။

ဒီဇိုင်း – Design Action Collective
ပုံနှိပ် – Inkworks Press

ဖြန့်ဝေ – International Rivers Network, 2006
1847 Berkeley Way, Berkeley CA 94703, USA
Tel: +1 510 848 1155, Fax: +1 510 848 1008, info@irn.org, www.irn.org

ISBN-10: 0-97188-584-2
ISBN-13: 978-0-97188-584-4